Vol.1., Issue 3

# The STRATEGY FIRST Times

November 23, 2015 | ၁၃၇၇ ခု၊ တန်ဆောင်မုန်းလဆန်း (၁၂) ရက်၊ တနင်္လာနေ့ | နှစ်ပတ် တစ်ကြိမ် / Digital Edition

## ပြည်သူတွေရဲ့ဆန္ဒအမှန်နဲ့ NLD အစိုးရသစ်ဖြစ်လာတော့မည်



၂၀၁၂ ခုနှစ် လွှတ်တော်လေ့လာရေးခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် STRATEGY FIRST ဆရာ၊ဆရာမ ကျောင်းသား၊ကျောင်းသူများ၊ အမှတ်တရ Photo - Nyi Linn Han




## ဆေးလိပ်ရဲ့ ဆိုးကျိုး

စာ - ၇သို့

ဆေးလိပ်ကို အမေရိကတိုက်ရဲ့တောင်ဘက်ပိုင်းနဲ့ မြောက်ဘက်ပိုင်းဒေသတွေမှာ နေထိုင်တဲ့ဒေသခံတွေက ရှာဖွေတွေ့ရှိခဲ့ကြပါတယ်လို့ သမိုင်းပညာရှင်တွေကဆိုပါတယ်။ နောက်ပိုင်းမှာတော့ ဥရောပတိုက်နဲ့ ကမ္ဘာပေါ် မှာရှိတဲ့ အခြားဒေသတွေကို ပျံ့နှံ့လာပါတယ်။ ဥရောပဘက်မှာ အခြေချခဲ့တဲ့ အမေရိကန်နိုင်ငံ သားတွေက မိတ်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး ဥရောပတိုက်မှာပါ ပျံ့နှံ့ခဲ့ပါတယ်။




## ကုမ္ပဏီတစ်ခု စတင်မတည်ထောင်မီ သိသင့်လုပ်သင့်တဲ့အချက်များ

စာ - ၁၀သို့

သင့်မှာအောင်မြင်လောက်မယ့် business idea တစ်ခုရှိတယ်။ ပြီးတော့ကိုယ်တိုင်လုပ်ကိုင်ဖို့လည်းစိတ်အားထက်သန်နေတယ်ဆိုရင် ဘယ်ကစလုပ်မလဲ။ ကုမ္ပဏီတစ်ခုစီးပွားရေးလုပ် ငန်းတစ်ခုထူထောင်ပြီး လည်ပတ်နိုင်ဖို့ဆိုတာ သင်ထင်ထားသလောက် ခက်ခဲတဲ့အရာတော့မဟုတ်ပါဘူး။ ကိုယ့် idea ကိုအကောင်အထည်ဖော်နိုင်ဖို့လုပ်ငန်းတစ်ခုစတင်တဲ့အခါမှာ လိုအပ်တဲ့၊ လုပ်သင့်တဲ့အချက်အလက်တွေကို အဆင့်ဆင့်ဖော်ပြထားပါတယ်။

## Green Box Production က ကိုညီလင်းဟန်နဲ့ စကားစမြည်

စာ - ၁၄သို့



## (၉၅) ကြိမ်မြောက် အမျိုးသားနေ့

စာ - ၂သို့



## ခေတ်သစ်စီမံခန့်ခွဲရေးဂုရု Peter Drucker

စာ - ၉သို့



# မြန်မာတို့ရဲ့ (၉၅) ကြိမ်မြောက်အမျိုးသားနေ့

SFJ Team(Eefaxmrefav;rifjnifunf



၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်အပြီးတွင် ဗဟန်းအမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့ရာ သင်ကြားပို့ချပေးသည့် ဆရာများနှင့် တက်ရောက်ခဲ့သည့် ကျောင်းသားများကို ဤသို့တွေ့ရသည်။

နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားနေ့ပဲဖြစ်ပါတယ်။ မြန်မာနှစ် ၁၃၇၇ ခုတန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀၁၅ ဒီဇင်ဘာ ၆ရက်) မှာ ကျရောက်မယ့် အမျိုးသားနေ့ဟာ ၉၅ ကြိမ်မြောက် အမျိုးသားနေ့ ဖြစ်ပါတယ်။

အမျိုးသားနေ့လို့ဆိုလိုက်ရင်အင်္ဂလိပ်ကိုလိုနီခေတ်သူ့ကျွန်ဘဝအချိန်အခါမှာ မြန်မာတို့ရဲ့ဇာတိသွေး၊ ဇာတိမာန် ရှင်သန်နိုးကြွားလာအောင် မျိုးစေ့ချပေးခဲ့တဲ့ နေ့ထူးနေ့မြတ်တစ်ရက် အဖြစ် သတိရနေရမယ့် နေ့တစ်နေ့ပဲ ဖြစ်ပါတယ်။

အမျိုးသားနေ့ ပေါ်ပေါက်လာခြင်းသည် ၁၉၂၀ ပြည့်နှစ်မှာ ဗြိတိသျှနယ်ချဲ့ အစိုးရဟာ မြန်မာနိုင်ငံကို ဆက်လက်ဂုတ်သွေးစုပ် ချယ်လှယ်နိုင်ဖို့အတွက် ပညာရေးစနစ်သစ် ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို ဆက်လက်ဖိနှိပ်အုပ်ချုပ်ဖို့အတွက် ကျားကန်ပေးမယ့်ဥပဒေကြမ်းကြောင့် တစ်နိုင်ငံလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြတယ်။

ဝိုင်အမ်ဘီအေ( ဗုဒ္ဓကလျာဏယုဝအသင်း) က ကြီးမှူးကျင်းပတဲ့ လူထု အစည်းအဝေးပွဲကနေပြီး ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ကန့်ကွက်ကာ ပြန်လည်ရေးဆွဲဖို့ တောင်းဆိုခဲ့ကြပါတယ်။ လူထုက အမျိုးမျိုးကန့်ကွက်နေတဲ့ကြားကနေ ၁၉၂၀ စက်တင်ဘာလမှာ ရန်ကုန်တက္ကသိုလ်ဥပဒေကို အင်္ဂလိပ်အစိုးရက အတည်ပြုပြဋ္ဌာန်းလိုက်ပါတယ်။

ယင်းသို့ အင်္ဂလိပ်အစိုးရဘက်က ပြည်သူ့ဆန္ဒနဲ့ မညီညွတ်တဲ့ ရန်ကုန် တက္ကသိုလ်ဥပဒေ ကို အတည်ပြုလိုက်တဲ့အတွက် ၁၉၂၀ ဒီဇင်ဘာ (၃) ရက်မှာ ရန်ကုန်ကောလိပ်ကျောင်းသားတွေက ရွှေတိဂုံစေတီတော်၊ အနောက်တောင်ထောင့်မှာ စုဝေးကြကာ တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ကြဖို့ သစ္စာအဓိဋ္ဌာန်



ပြုခဲ့ကြပါတယ်။

၁၉၂၀ဒီဇင်ဘာ (၅) ရက် (မြန်မာနှစ်၁၂၈၂ခု၊တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) မှာ သပိတ်မှောက် ကျောင်းသားခေါင်းဆောင် ဦးဘဦး ဦးစီးတဲ့ ကျောင်းသားသပိတ်အဖွဲ့ဟာ ပထမကျောင်းသားသပိတ်ကို စတင်ခဲ့ကြပါတော့တယ်။ ဒီသပိတ်က တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပျံ့နှံ့သွားခဲ့ပြီးမြန်မာတို့ရဲ့မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန် စိတ်ဓာတ်တွေကို စတင်မျိုးစေ့ချပေးနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

တက္ကသိုလ် ဥပဒေကို ဆန့်ကျင်တဲ့ ပထမကျောင်းသားသပိတ်နဲ့ စပ်လျဉ်းပြီး ဂျီစီဘီအေ ဝံသာနုအသင်းကြီးက တစ်နိုင်ငံလုံးမှာ အမျိုးသားကျောင်းတွေ ဖွင့်လှစ်ဖို့ ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၂၁ ခုနှစ်ထဲမှာတော့ မြန်မာလူမျိုးတွေရဲ့အသိပညာတွေပွင့်လင်းဖို့၊ သူ့ကျွန်ဘဝ လွတ်မြောက်ဖို့၊ အင်္ဂလိပ်တို့ရဲ့ ဖိနှိပ်ချယ်လှယ်မှုတွေကို တွန်းလှန်နိုင်ဖို့အတွက် အခြေခံမျိုးစေ့ချပေးနိုင်မယ့်အမျိုးသားပညာရေးကျောင်းတွေကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၁၉၂၁ စက်တင်ဘာမှာ ပြုလုပ်တဲ့ ဂျီစီဘီအေ ဝံသာနုအသင်းကြီးရဲ့နိုင်ငံလုံးဆိုင်ရာ ညီလာခံမှာ မြန်မာတို့ရဲ့အမျိုးသားနေ့ကို သတ်မှတ်ကျင်းပဖို့စတင်အဆိုပြုခဲ့ကြပါတယ်။ အမျိုးသားနေ့သတ်မှတ်ဖို့အတွက် သီပေါမင်းပါတော်မူသောနေ့၊ နယ်ချဲ့ကို တော်လှန်ခဲ့တဲ့ ဦးဥတ္တမ ထောင်ကျခဲ့တဲ့နေ့တွေကို အဆိုပြုခဲ့ကြပေမယ့် အဲဒီနေ့တွေဟာ မြန်မာတို့ အင်္ဂလိပ်ကို အနိုင်မရရှိဘဲ ရှုံးနိမ့်သောနေ့၊ မင်္ဂလာမရှိသောနေ့တွေဖြစ်တဲ့အတွက် မြန်မာအမျိုးသားနေ့အဖြစ် မသတ်မှတ်ဖြစ်ခဲ့ကြပါဘူး။

၁၉၂၀ တက္ကသိုလ်ပထမကျောင်းသားသပိတ်ကသာ မြန်မာတစ်မျိုးသားလုံးစည်းလုံးမှု၊ ဇာတိမာတက်ကြွလာမှုတွေနဲ့ တစ်မျိုးသားလုံးကပါဝင်လှုပ်ရှားခဲ့တဲ့သပိတ်ဖြစ်တာကြောင့် တက္ကသိုလ်ကျောင်းသားသပိတ်ကြီး စတင်ပေါ်ပေါက်ရာ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကိုနှစ်စဉ်အမျိုးသားနေ့အဖြစ်သတ်မှတ်ကျင်းပဖို့ ဂျီစီဘီအေအသင်းကြီးက ဆုံးဖြတ်ခဲ့ကြပါတယ်။

အင်္ဂလိပ်အစိုးရကို ဆန့်ကျင်ဖို့အတွက် ရန်ကုန်ကောလိပ်ကျောင်းသားတွေ သစ္စာပြုခဲ့တဲ့ရွှေတိဂုံစေတီတော်၊အနောက်တောင်ထောင့်ရှိဗောဓိပင်အနီးမှာအမျိုးသားနေ့အထိမ်းအမှတ်ကျောက်တိုင်ကြီးကိုစိုက်ထူထားပါတယ်။ အဆိုပါကျောက်တိုင်မှာ ဦးဆောင်သပိတ်မှောက်ကျောင်းသားတွေဖြစ်တဲ့ ကိုဘဦး၊ ကိုအေး၊ ကိုလှတင်၊ ကိုညီပိတ်၊ ကိုဘရှင်၊ ကိုဖိုးကွန်း၊ ကိုကျော်မြ၊ ကိုဖေသိန်း၊ ကိုအောင်ဒင်၊ ကိုထွန်းဝင်း၊ ကိုဘခင် စတဲ့ ကျောင်းသားကြီး ၁၁ ဦးရဲ့ နာမည်တွေရေးထိုးထားပြီးသစ္စာပြုခဲ့တဲ့ရက်ကို ရေးထိုးထားပါတယ်။

အမျိုးသားနေ့ အထိမ်းအမှတ်ကျောက်တိုင်ကြီး တည်ရှိရာနေရာကို ယခင်တပ်မတော်အစိုးရလက်ထက်မှာ ပိတ်ပင်ထားခဲ့ပေမယ့် လက်ရှိအစိုးရလက်ထက် ၂၀၁၂ က စတင်ပြီး အများပြည်သူလာရောက်လေ့လာနိုင်ဖို့ဖွင့်လှစ်ပေးထားပါတယ်။ ■

The STRATEGY FIRST Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Thiha Ko Ko

**Senior Reporter/ Assistant Editor**
Naing Naing Zaw

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# ပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ NLD အစိုးရသစ်ဖြစ်လာတော့မည်

SFJ Team

၂၀၁၅အထွေထွေရွေးကောက်ပွဲနိုဝင်ဘာ (၈) ရက်နေ့မှာ ကျင်းပပြီးစီးခဲ့ပြီး ရက်သတ္တပတ်နှစ်ပတ်အကြာမှာတော့ မည့်သည့်ပါတီတွေက ပြည်သူ့မဲဆန္ဒတွေ အများဆုံး ရရှိခဲ့သလဲ။ မည်သည့်ပါတီ ကိုယ်စားလှယ်လောင်းတွေ အနိုင်ရရှိခဲ့သလဲဆိုတာအဖြေထွက်ရှိလာပြီပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရေးအပြောင်းအလဲအတွက် အရေးပါလှတဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ထောက်ခံမှုကို အပြည့်အဝရရှိထားတဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က မဲဆန္ဒနယ်အများအပြားမှာအနိုင်ရရှိခဲ့တာအားလုံးအသိပဲ ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အစိုးရဖွဲ့နိုင်ဖို့အတွက် လိုအပ်လျက်ရှိတဲ့ အမတ်အရေအတွက်ထက်ကျော်လွန်အနိုင်ရရှိထားပြီဖြစ်ပြီး နှစ်ပေါင်းများစွာ အင်အားကောင်းတဲ့ အတိုက်အခံပါတီအဖြစ်ရပ်တည်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာမြန်မာနိုင်ငံရဲ့အစိုးရတစ်ရပ်အဖြစ် မကြာမီမှာ ရောက်ရှိလာတော့မှာ မလွဲကေန်ပါ။

နိုဝင်ဘာ ၁၅ ရက်မှာ ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒယ် ၉၄ ရာခိုင်နှုန်းကျော်ကို အပြီးသတ် ကြေညာခဲ့ပြီးနောက်မှာ (ကချင်ပြည်နယ်ရှိ နောင်မွန်း၊ ခေါင်လန်ဖူးမဲဆန္ဒနယ်တွေကနေပြည်သူ့လွှတ်တော် (၂) နေရာ၊ အမျိုးသားလွှတ်တော် (၁) နေရာ၊ ပြည်နယ်လွှတ်တော် (၄) နေရာသာကျန်ရှိပြီး နိုဝင်ဘာ ၂၀ ထုတ်ပြန်ပေးမည်) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၁ နေရာမှာ NLD က ၂၅၅ ဦး ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၇ နေရာမှာ NLD က ၁၃၅ ဦး အနိုင်ရရှိခဲ့ပါတယ်။



နိုဝင်ဘာ(၁) ရက်သုဝဏ္ဏ၊မြို့ဦးစေတီကွင်းမှာဒေါ်အောင်ဆန်းစုကြည်ဟောပြောနေစဉ် Photo -NLD


Edi bm(8) &u feM u NLD ½kdkf &Sa&mu f&ewhv x k bdw&p0f Photo -NLD

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၈၈ ဦးနေရာမှာ NLD က ကိုယ်စားလှယ် ၃၉၀ ဦးနေရာအထိရရှိခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အမတ် ၃၂၈ နေရာကိုရရှိပါကအစိုးရဖွဲ့နိုင်ပြီးဖြစ်ပြီး NLD ကအမတ်အရေအတွက်အများအပြားနဲ့အစိုးရဖွဲ့နိုင်ခဲ့ပါပြီ။

လာမည့် ၂၀၁၆ဧပြီ (၁) ရက်စတင်ပြီး NLD သည် မြန်မာနိုင်ငံရဲ့အစိုးရသစ်ဖြစ်လာတော့မယ်။ နှစ်ပေါင်းများစွာတပ်မတော်အသိုင်းအဝိုင်းကသာ စိုးမိုးအုပ်ချုပ်ခဲ့တဲ့ မြန်မာနိုင်ငံရေးနယ်ပယ်မှာအတိုက်အခံဒီမိုကရေစီဘက်တော်သားအရပ်သား ကိုယ်စားလှယ်တို့ နေရာအရယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်နေတဲ့ စီးပွားရေး၊ တိုက်ပွဲတွေဖြစ်ပွားရေးတဲ့ ငြိမ်းချမ်းရေး၊ ယိုယွင်းနေတဲ့ အဂတိလိုက်စားမှုပြဿနာ၊ ပညာရေးစနစ်သစ်၊ လူထုကျန်းမာရေးစတဲ့အရေးကြီးကဏ္ဍအများအပြားက အစိုးရသစ် ကျော်လွှားရမည့် စိန်ခေါ်မှုတွေအဖြစ် ၂၀၁၅ အလွန်မှာ စောင့်ကြိုနေပါတယ်။

မြန်မာနိုင်ငံရေးမှာ အဓိကနေရာက ပါဝင်နေတဲ့ နိုင်ငံတော်သမ္မတအပါအဝင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်း၊ တက်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နဲ့ အနိုင်ရအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးကြဖို့လည်း ရှိပါတယ်။

မြန်မာနိုင်ငံရေး နောက်ကြောင်းပြန်လှည့်သွားမလားဆိုတဲ့ ပြည်သူတွေရဲ့ စိုးရိမ်စိတ်၊ နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်စိတ်တွေရှိနေတဲ့အပေါ် နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိုဝင်ဘာ ၁၅ ရက်မှာ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံချိန်မှာ "အစိုးရသစ်ထံ သတ်မှတ်အချိန်အတွင်းစနစ်တကျတာဝန်လွှဲပေးသွားမှာဖြစ်ပြီး ဒီကိစ္စနဲ့ပတ်သက်ပြီးစိုးရိမ်ပူပန်မှုမရှိစေဖို့နဲ့တည်တည်ငြိမ်ငြိမ်ဖြစ်သွားအောင် ဆောင်ရွက်သွားမယ်" လို့ ကတိပေးပြောကြားလိုက်ပါတယ်။

၂၀၁၆ မှာ မြန်မာနိုင်ငံသားတွေ မျှော်လင့်တောင့်တဆုံးဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ မြန်မာနိုင်ငံကို ဦးဆောင်မယ့် အစိုးရ သစ်ဖြစ်လာမှာဖြစ်ပြီး အစိုးရသစ်လက်ထက်မှာ နိုင်ငံသားတွေရဲ့ အကျိုးစီးပွား၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍအသီးသီးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ပါစေလို့ဆန္ဒပြုလိုက်ရပါတယ်။ ■

The STRATEGY FIRST Times

| ကြော်ငြာအရွယ်အစား | အတွင်းစာ | နောက်ကျောဖုံး |
| --- | --- | --- |
| 1/8 page H (9 in x 2 in) | - | 50,000 ks |
| 1/8 page V (4.3 in x 3.5 in) | 25,000 ks | - |
| 1/4 page H (9 in x 3.5 in) | 50,000 ks | 90,000 ks |
| 1/4 page V (4.3 in x 6.5 in) | 50,000 ks | 90,000 ks |
| Half-page (9 in x 7 in) | 100,000 ks | 160,000 ks |
| Full-page (9 in x 15 in) | 200,000 ks | - |

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာများကိုမှာ ကန့်သတ်ထားပါသည်။ Vacancy များ အတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ် မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/ လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာ အတွက် ကိုဇောဟေသော (Student Services Manager)
09 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

လစဉ်ထုတ် SFJ ကို ကြိုတင်မှာထားပြီး ကျောင်းမှာ ယူမယ်ဆိုရင် ၁၅၀၀ ကျပ်

ကျောင်းမှာ ရောင်းစျေး ၂၂၀၀ ကျပ်

ပြင်ပရောင်းစျေး ၂၅၀၀ ကျပ်
ရန်ကုန် အိမ်အရောက် ၂၅၀၀ ကျပ်

Hot-line: 09250717166 ~ 68




လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။
ကျောင်းသား/သူများအတွက် အထူးလျှော့စျေး - ၁၀%

| | |
| --- | --- |
| ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in) | 700,000 ks |
| အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in) | 320,000 ks |
| အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in) | 445,000 ks |

# နိုင်ငံ့အနာဂတ်အပေါ် သူတို့အမြင်



**ဆရာဦးမင်းခေါင်**
B.Sc (Zoology), EMPA (YIE)
Dip in Logistics Management

နိုင်ငံတစ်ခုတိုးတက်ဖို့အတွက် ပညာကို အခြေခံရမယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်။ အလားတူပဲနိုင်ငံတော်ကိုစီမံအုပ်ချုပ်နေတဲ့သူတွေလည်း အဲဒီလိုပဲ ယုံကြည်ထားပြီးသားဖြစ်ပါမယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ၂၀၁၅ ရွေးကောက်ပွဲအပြီး အသစ်ဖြစ်ပေါ်လာမယ့်အစိုးရအနေနဲ့လည်းပညာရေးကိုဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဖို့ဆိုတာ သူတို့ရဲ့Wish list မှာပါနေမှာဖြစ်သလို သူတို့ရဲ့Mandate လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ရွေးကောက်ပွဲအပြီး မြန်မာနိုင်ငံရဲ့အနာဂတ်ဟာ ပညာကိုအခြေခံတဲ့ လူ့အသိုင်းအဝိုင်းတစ်ခုဖြစ်လာမှာ သေချာနေတဲ့အတွက်အကောင်းဘက်ကိုဦးတည်နေတယ်လို့ယုံကြည်ပါတယ်။



**ဆရာမဒေါ်ခင်နွယ်အုန်း**
B.Com (Hons),
M.Com (YIE)

ဘယ်အစိုးရတက်တက်ပညာရေးနဲ့ပတ်သက်ပြီး ပိုပြီးကောင်းမွန်အောင်ပြုလုပ်ပေးဖို့ မျှော်လင့်တယ်။ ဌာနဆိုင်ရာတွေကလည်း ပိုပြီးကောင်းအောင်လုပ်နေတဲ့အတွက် ကောင်းသွားလိမ့်မယ်လို့ ထင်ပါတယ်။ ပြောင်းလဲမှုတွေတော့ လုပ်တော့လုပ်နေတယ်ပေါ့။ အခုလည်း ပိုပြီးကောင်းလာမလားဆိုပြီး တစ်ပါတီတည်းကိုပဲအားလုံးမဲပေးထားကြတာ။ ပညာရေးအခြေခံ ကောင်းဖို့ဆိုရင်အလွတ်ကျက်စနစ်ကိုပြောင်းလဲဖို့လိုမယ်။ သူများနိုင်ငံတွေဆိုရင် ရွေးချယ်ခွင့် တွေရှိအောင်လုပ်ပေးတယ်။ သင်ခန်းစာကို ဘယ်လောက်နားလည်သလဲဆိုတဲ့အပေါ်မှာပဲ အဆင့်တွေခွဲထားတာ။ ဒီမှာလည်းဒါမျိုးလေးတွေလုပ်နိုင်ရင်သူများနိုင်ငံတွေနဲ့အမီလိုက်နိုင်လာမှာပါ။



**ယုတင်ဇာ**
( Marketing Management
Batch -10)

ရွေးကောက်ပွဲနောက်ပိုင်း ကိုယ်မျှော်မှန်းထားတဲ့ အဖွဲ့အစည်းနေရာရလာတယ်ဆိုတော့ပြောင်းလဲမှုတစ်ရပ်တော့ ဖြစ်မယ်ထင်တယ်။ ပြောင်းလဲဖို့ကလည်း အားလုံးကထောက်ခံထားတယ်။ အခု လူမှုမီဒီယာတွေမှာလည်း တိုက်ခိုက်တဲ့ဟာတွေ သိပ်မတွေ့ရဘူး။ လူငယ်ဆိုတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုရဖို့လည်း မျှော်လင့်ထားတယ်။



**ကျော်စွာဟိန်း**
( Business Managemet &
Administration Batch -10 )

ရွေးကောက်ပွဲက ကျွန်တော်တို့မျှော်လင့်ထားတဲ့ အတိုင်းဖြစ်လာတယ်ပေါ့။ ဒီမိုကရေစီနစ် ပီပီပြင်ပြင်ဖြစ်လာရင် နိုင်ငံ့ခေါင်းဆောင်ဆိုတာ ပြည်သူတွေပြောင်းလဲရနိုင်တယ်ဆိုတဲ့ အသိလေးတစ်ခုရမိတယ်။ လုပ်စရာတွေက အများကြီးရှိတော့ ဒီအစိုးရလက်ထက်မှာပဲ အားလုံးအဆင်ပြေမယ်လို့ အရမ်းကြီးမျှော်လင့်လို့တော့မရဘူးပေါ့။ ဘာပဲပြောပြော နောက်ထပ်ရွေး ချယ်ခွင့်တွေလည်း ရှိလာမယ့်အတွက် တစ်ဖြည်းဖြည်းချင်း ရှေ့တိုးသွားရမှာပေါ့။ ပထမအစိုးရအနေနဲ့လည်း လုပ်တော့လုပ်ခဲ့ပေမယ့် အားရလောက်တဲ့ အခြေအနေမျိုးမတွေ့ရတော့ နောက်တက်မယ့်သူတွေကို ပိုပြီးလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။



**ဝေယံမင်းဇော်**
( Marketing Management – 2)
( Batch - 10)

တရားဥပဒေစိုးမိုးရေးတွေ ပိုဖြစ်လာမယ်လို့မြင်တယ်။ စီးပွားရေးတွေမှာလည်း တန်းတူအခွင့်အရေးတွေ ပိုပေါ်လာနိုင်မယ်ထင်တယ်။ ပညာရေး၊ ကျန်းမာရေးတွေလည်း ပိုပြီးကောင်းလာဖို့မျှော်လင့်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုများလာမယ်ထင်တယ်။ အစိုးရပိုင်းကလည်းပြုပြင်မယ်၊ ပြည်သူတွေကလည်းကြိုးစားမယ်ဆိုရင်အလျင်အမြန်တိုးတက်လာမယ်လို့ မြင်ပါတယ်။



**မသက်နွယ်သူဝင်း**
(Human Resource Mgt
Batch -10)

ပြောင်းလဲရမှာတွေက အများကြီးဖြစ်နေတော့ အများကြီးပြောလို့တော့ မလွယ်သေးဘူး။ ဖြစ်စေချင်တာကတော့ ပညာရေးနယ်ပယ်ကို ပိုပြီးတိုးတက်စေချင်တယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေကြောင့်လူငယ်တွေအသင့်ပြင်ဆင်ဖို့လိုမယ်။ အခု ပြည်တွင်းငြိမ်းချမ်းရေးတွေလည်း ရလာပြီဆိုတော့ ရင်းနှီးမြှုပ်နှံမှုတွေလည်း ပိုတိုးလာနိုင်တယ်။ အလုပ်အကိုင် အခွင့်လမ်းတွေ ပိုတိုးလာမယ့်အတွက်လူငယ်တွေပိုကြိုးစားဖို့လည်းလိုပါမယ်။



**ထက်ဝေယံအောင်**
NCC (Batch - 1)

အရင်ဆုံးဖြစ်စေချင်တာကတရားဥပဒေ စိုးမိုးရေးနဲ့ စည်းကမ်းပိုင်းတွေ ပိုပြီးကောင်းမွန်အောင်လုပ်ဖို့လိုပါမယ်။ ဥပဒေအထက်မှာ ဘယ်သူမှမရှိစေတာမျိုးအမှန်တကယ်ဖြစ်စေချင်တယ်။ ပညာရေးမှာ အစိုးရ၊ ပုဂ္ဂလိက ရှိနေပေမယ့် လူတိုင်းလက်လှမ်းမီတဲ့ အစိုးရကျောင်းတွေပိုပြီးအားကောင်းစေချင်တယ်။ စီးပွားရေးပိုင်းတွေဆိုလည်းပစ္စည်းတန်ဖိုးတွေက အမှန်တကယ်ဖြစ်သင့်တဲ့ဈေးထက်ပိုပြီးဈေးကြီးနေတာမျိုးတွေမဖြစ်စေချင်ဘူး။ ငွေကြေးရိုက်နှိပ်မှုကနေဖောင်းပွတာမျိုးတွေလျော့ကျစေချင်တယ်။ နိုင်ငံတိုးတက်ဖို့က အစိုးရပြောင်းလဲသလို ပြည်သူတွေကလည်း စည်းကမ်းရှိရှိ လိုက်ပါပြောင်းလဲဖို့လိုမယ်။ အစိုးရပြောင်းတာနဲ့နိုင်ငံတိုးတက်သွားနိုင်တာမျိုး မဟုတ်တဲ့အတွက် ပြည်သူတစ်ဦးချင်းကလည်း လေးစားလိုက်နာရမယ့် တာဝန်တွေကျေပွန်ဖို့လိုပါမယ်။



**အေးချမ်းမြ**
(Own Business Management
Batch -10)

အနာဂတ်မှာ ကျန်းမာရေးကဏ္ဍနဲ့ ဝန်ဆောင်မှုတွေပိုပြီးကောင်းမွန်ဖို့မျှော်လင့်တယ်။ နယ်ဘက်တွေမှာဆိုရင် ဆရာဝန်မပြည့်စုံတာတွေကိုဖြည့်ဆည်းပေးဖို့လိုပါမယ်။ ဆရာဝန်တွေဆိုလည်း တကယ်တက်တဲ့သူတွေဆီမှာ လူတွေပုံနေပြီးတကယ်မတက်တဲ့ဆရာဝန်တွေကျတော့ ရောင်ဝါးဝါးတွေဖြစ်နေတော့ ပြည်သူတွေကပြည်ပထွက်ပြီးဆေးတွေကုနေရပြန်တယ်။ ကျန်းမာရေးဝန်ဆောင်မှုတွေက လူတိုင်း လက် လှမ်းမီနိုင်ဖို့လိုတယ်။ မွေးဖွားမှုမှာလည်း ကလေးသေဆုံးမှုများနေတာတွေကို လျှော့ချပေးနိုင်ဖို့ မျှော်လင့်ထားတယ်။

**Here are some common phrases to help you speak politely on the telephone in English.**

**တယ်လီဖုန်းဖြေကြားရာမှာ ယဉ်ကျေးစွာနဲ့ ပြောဆိုနိုင်ဖို့ အောက်ပါအသုံးအနှုန်းတွေကို အသုံးပြုနိုင်ပါတယ်။**



ခန့်အုပ်စိုး

**Answering the phone** (တယ်လီဖုန်း စတင်ဖြေကြားခြင်း)

**Good morning/afternoon/evening, Strategy First, May Thet Hnin speaking.**

**How may I help you?** မင်္ဂလာပါရှင်။ Strategy First မှ မေသက်နှင်းပါရှင်။ ဘာများကူညီပေးရမလဲရှင်။

**Asking for the caller's name** (ခေါ်ဆိုသူ၏အမည်ကိုမေးမြန်းခြင်း)

**Who's calling, please?** အခုပြောနေတာ ဘယ်သူပါလဲရှင်။

**Could I take your name, please?** နာမည်လေး သိလို့ရမလားမသိဘူးရှင်။

**Introducing yourself** ( မိမိကိုယ်ကို မိတ်ဆက်ခြင်း)

**This is Wai Yan speaking**. ဟုတ်ကဲ့၊ ကျွန်တော်ဝေယံပါခင်ဗျာ။

**Hello, this is Kaung Htet from Putet Comics.**

ဟယ်လို၊ ပုတက်ကာတွန်းဂျာနယ်က ကောင်းထက်ပါခင်ဗျာ။

**Asking for someone** (တစ်စုံတစ်ယောက်ကိုခေါ်ခိုင်းခြင်း)

**Could I speak to John Martin, please?** John Martin နဲ့ စကားပြောလို့ရမလားခင်ဗျာ/ရှင်။

**I'd like to speak to John Martin, please.** John Martin နဲ့ စကားပြောချင်လို့ပါခင်ဗျာ/ရှင်။

**Could you put me through to John Martin, please?**

John Martin ကို တစ်ချက်လောက် ခေါ်ပေးလို့ရမလားခင်ဗျာ/ရှင်။

**Explaining absence** (မေးတဲ့လူမရှိကြောင်း ဖြေကြားခြင်း)

**I'm afraid Mr Martin isn't in at the moment.** Mr. Martin အခုတော့ မရှိသေးပါဘူးခင်ဗျာ/ရှင်။

**I'm sorry, he's in a meeting at the moment.** သူအခုအစည်းအဝေးခန်းထဲ ရောက်နေပါတယ်ခင်ဗျာ။

**I'm afraid he's on another line at the moment.** သူအခုဖုန်းပြောနေပါတယ်ခင်ဗျာ/ရှင်။

**Putting someone on hold** (ခေတ္တစောင့်ဆိုင်းခိုင်းခြင်း)

**Just a moment, please.** ဟုတ်ကဲ့ ခဏလေးပါခင်ဗျာ။

**Could you hold the line, please?** ကျေးဇူးပြုပြီး ဖုန်းလေးခဏလောက် ကိုင်ထားပေးပါခင်ဗျာ။

**Hold the line, please.** ဖုန်းခဏကိုင်ထားပေးပါခင်ဗျာ။

**Problems** (အခက်အခဲဖြေရှင်းခြင်း)

**I'm sorry, I don't understand. Could you repeat that, please?**

စိတ်မကောင်းပါဘူးခင်ဗျာ။ ကျွန်တော်နားမလည်လိုက်လို့ ကျေးဇူးပြုပြီး တစ်ချက်လောက်ပြန်ပြောပြပေးပါခင်ဗျာ။

**I'm sorry, I can't hear you very well. Could you speak up a little, please ?**

စိတ်မကောင်းပါဘူးခင်ဗျာ။ ကျွန်တော်သိပ်မကြားလိုက်လို့ တစ်ချက်လောက် ပြန်ပြောပေးပါခင်ဗျာ။

**I'm afraid you've got the wrong number.** ဖုန်းမှားနေပါတယ်ခင်ဗျာ။

**I've tried to get through several times but it's always engaged.**

ကျွန်တော်ဖုန်းခေါ်နေတာကြာပြီ။ ဖုန်းလိုင်းက မအားဘူး။

**Could you spell that, please?** တစ်ချက်လောက် စာလုံးပေါင်းပြပေးပါလားခင်ဗျာ။ရှင်။

**Putting someone through (connecting someone)** (ဖုန်းလွှဲပေးခြင်း)

**One moment, please. I'll see if Mr Jones is available.**

ခဏလေးပါခင်ဗျာ။ Mr Jones အား၊ မအား ကြည့်ပေးပါ့မယ်ခင်ဗျာ။

**I'll put you through. / I'll connect you.** ကျွန်တော်လွှဲပေးပါ့မယ်ခင်ဗျာ။

**I'm connecting you now.** ကျွန်တော်အခု ဖုန်းလွှဲပေးပါ့မယ်ခင်ဗျာ။

**Taking a message** ( အမှာစကား လက်ခံခြင်း)

**Can I take a message?** ဘာပြောပေးရမလဲ မသိဘူးခင်ဗျာ။ရှင်။

**Would you like to leave a message?** ဘာများမှာခဲ့ချင်ပါသလဲ ခင်ဗျာ။ရှင်။

**Can I give him/her a message?** သူ့ကို ဘာပြန်ပြောပေးရမလဲ မသိဘူးခင်ဗျာ။ရှင်။

**I'll tell Mr Jones that you called.** Mr Jones ကို ဖုန်းခေါ်တဲ့အကြောင်း ပြန်ပြောပေးပါ့မယ်ခင်ဗျာ။ရှင်။

စာညွှန်း – **speakspeak.com** မှာ ဖော်ပြထားတာကို ဆီလျော်အောင် ဘာသာပြန်ဆိုထားတာဖြစ်ပါတယ်။

## STRATEGY FIRST INSTITUTE ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ Practical Workshop များ



Strategy First Institute မှ ကျောင်းသားကျောင်းသူများရဲ့ အသိပညာ၊ ဗဟုသုတများတိုးတက်လာစေဖို့နဲ့ (၅) လခွဲကြာ အချိန်ကာလအတွင်း သင်ကြားခဲ့တဲ့ သင်ခန်းစာတွေကို လက်တွေ့ပြန်လည်အသုံးချနိုင်ဖို့ ရည်ရွယ်ပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များကို စီစဉ်ပြုလုပ်ပေးလျက်ရှိပါတယ်။ Project Management Workshop၊ Marketing Planning Workshop၊ Business Planning Workshop၊ Human Resources Planning Workshop၊ Logistic & Supply Chain Management Seminar စတဲ့ Workshop တွေကို အတန်းတစ်တန်းပြီးတိုင်းမှာ စီစဉ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် Analytical & Strategic Thinking Skills၊ Effective Learning Skills၊ Business Etiquette & Personal Grooming အစရှိတဲ့ Workshop တွေကိုလည်း ကျောင်းသား၊ ကျောင်းသူတို့ရဲ့ကိုယ်ရည်ကိုယ်သွေးတိုးတက်လာဖို့အတွက် ရည်ရွယ်ပြီး မကြာခဏ စီစဉ်ဖွင့်လှစ်ပေးနေပါတယ်။ Workshop များရဲ့သတင်းအချက်အလက်များကို Strategy First Community Café facebook group, Batch အလိုက် facebook group တွေမှာ ဖော်ပြဖိတ်ကြားသွားမှာဖြစ်တဲ့ အကြောင်းအသိပေးအပ်ပါတယ်။

■

## STRATEGY FIRST LIBRARY မှာ စာအုပ်များ ဖတ်ရှုနိုင်ပြီ

Strategy First မှာ တက်ရောက်နေတဲ့ ကျောင်းသူကျောင်းသားများအတွက် ဘာသာရပ်အလိုက် လိုအပ်တဲ့ reference တွေပြုလုပ်နိုင်ဖို့နဲ့ အသိပညာဗဟုသုတ ပိုမိုရရှိစေဖို့အတွက် library မှာရှိတဲ့စာအုပ်တွေကို ဝယ်ယူဖတ်ရှုလို့ရပြီဖြစ်ကြောင်း အသိပေးအပ်ပါတယ်။ စာအုပ်စင်မှာ ဘာသာရပ်အလိုက် ပညာရှင်များရေးသားထားတဲ့ စာအုပ်များ၊ ကျောင်းသားများဖတ် ရှုပြီး self study လုပ်လို့ရမယ့် company case study များကိုထားရှိပေးထားပါတယ်။ သင်ကြားထားတဲ့ သင်ခန်းစာတွေအတွက် ပိုမိုအထောက်အကူဖြစ်စေဖို့နဲ့ လုပ်ငန်းခွင်မှာ အသုံးပြုလို့ရတဲ့ စာအုပ်များကိုလည်းကောင်း၊ စာမေးပွဲဖြေဆိုရန် ပြင်ဆင်ဖို့လိုအပ်သော စာအုပ်များကိုလည်းကောင်း ထားရှိပေးထားပါတယ်။

အမြတ်အစွန်းမယူပဲနဲ့ ကျောင်းသားကျောင်းသူများ လိုချင်တဲ့စာအုပ်တွေကို မိတ္တူကူးပြီးအရင်းအတိုင်း ဝယ်ယူလို့ရအောင် စီစဉ်ပေးထားပါတယ်။ ကျောင်းသားကျောင်းသူများအနေနဲ့ စာအုပ်များဝယ်ယူပြီး၊ ဖတ်ရှုလို့ပြီးသွားတဲ့အခါမှာ စာအုပ်ပြန်အပ်ပြီး ဝယ်ယူထားတဲ့ ငွေအတိုင်း ပြန်ထုတ်ယူလို့လည်းရပါတယ်။ စာအုပ်ပြန်အပ်မယ်ဆိုရင်တော့ စာအုပ်မှာပြဲစုတ်ခြင်း မရှိစေရမှာဖြစ်ပါတယ်။ စာအုပ်အငှားပုံစံကိုတော့ လက်ရှိမှာ ကိုင်တွယ်ရတာ အခက်အခဲရှိတဲ့ အတွက်မစီစဉ်ပေးနိုင်သေးကြောင်းကို ကျောင်းသူကျောင်းသားများသိစေဖို့ Strategy First Times ကနေတစ်ဆင့် ပြောပြလိုက်ပါတယ်။

■

# Red Cliff 2




အုပ်စိုးငယ်မင်း၊ အောင်သူဟိန်း၊ တိုင်းသူရိန်ထွန်း၊ အောင်သူဦး၊ ဟိန်းထက်နိုင် (NCC- Batch -1)




ဒီတစ်ပတ် Movie Review ကဏ္ဍမှာအရင် Strategy First Times –issue 2 မှာတုန်းက ဖော်ပြခဲ့တဲ့ Red Cliff ရဲ့အဆက်ဖြစ် တဲ့ Red Cliff 2 အကြောင်းကို ဖော်ပြမှာပဲ ဖြစ်ပါတယ်။

Red Cliff 1 မှာချောင်းချောင်း( Cao Cao ) ရဲ့ ကြည်းတပ်ကြီးပြိုကွဲသွားပေမယ့် ရေတပ်ကြီးကျန်ရှိပါသေးတယ်။ အဲဒီတပ်ကြီးကို ဖြိုခွဲဖို့ ပညာရှိ ကျုံးရွှီ (Zhou Yu) နဲ့ ကျူးကယ်လျှံ့ (Zhuge Liang ) တို့ကြိုးပမ်းကြရပြန်ပုံကို Red Cilff 2 မှာ ကြည့်ရမှာပါ။

တစ်ဖက်မှာလည်း ချောင်းချောင်းတို့တပ်မှာ ရောဂါဆိုးတစ်ခုကျရောက်လို့နေပါတယ်။ ချောင်းချောင်းတို့ဘက်က အားနည်းနေချိန်ပေါ့။ အားနည်းနေတာကို သိပေမယ့်လည်း ကျုံးရွှီတို့ဘက်က တရားမျှတတဲ့ တိုက်ပွဲဖြစ်ချင်လို့ ဝင်ရောက်တိုက်ခိုက်ခြင်းမပြုခဲ့ပါဘူး။

ချောင်းချောင်း ရဲ့ကောက်ကျစ်စဉ်းလဲတဲ့ အကြံအစည်တွေကြောင့် ဝူ နှင့်ရှုဘက်မှာပါ ရောဂါဆိုး အနည်းငယ်ကူးစက်မှု ခံလိုက်ရပါတယ်။ ပြည်သူတွေဘေးကင်းဖို့ကိုပဲ အာရုံစိုက်နေတဲ့ လျှိုပေ့( Lui Bei )၊ ချောင်းချောင်းတို့ကို ပြန်တိုက်ဖို့ ရှုတပ်တွေ နေခဲ့တဲ့ ကျူးကယ်လျှံ့ တို့အကြောင်းကို Red Cliff 1 မှာတုန်းကလိုပဲ စိတ်ဝင်စားဖွယ် တွေ့ရမှာဖြစ်ပါတယ်။

ကျူးကယ်လျှံ့ နဲ့ ကျုံးရွှီ တို့ရဲ့ဉာဏ်ပညာတွေနဲ့ အခက်အခဲတွေဖြေရှင်းပုံတွေက ပညာသား ပါလှပါတယ်။

Red Cliff ကိုသိမ်းပိုက်ဖို့အတွက် ချောင်းချောင်းတို့ရဲ့အကြံကတော့ မီးနဲ့တိုက်ခိုက်ဖို့ပါ။ အကြောင်းကတော့ သူတို့ဘက်က "လေ" အသာစီးပါနေလို့ပဲဖြစ်ပါတယ်။ လေနဲ့မီးနဲ့ပေါင်းပြီးဝူနှင့်ရှုကို မီးလောင်တိုက်သွင်းမယ်ပေါ့။

ဒါပေမဲ့ လေကြောင်းပြောင်းလဲသွားမယ်ဆိုတာကို ချောင်းချောင်းမသိခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဘက်က ရာသီဥတုအကြောင်းကို နားလည်တဲ့ စစ်သူကြီးမရှိတော့လို့ပါ။ ဒါကို နားလည်ထားတဲ့ ကျူးကယ်လျှံ့ ကလည်း မီးကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါပေမဲ့စစ်ပွဲစနေတဲ့အချိန်ထိလေကြောင်းက မပြောင်းလဲခဲ့ပါဘူး။ လေကြောင်းသာတဲ့ဘက်ကအနိုင်ရမှာပါ။ ကျူးကယ်လျှံ့တို့ဘက်က အနိုင်ရဖို့အတွက် လေကြောင်းပြောင်းသွားဖို့ အချိန်အနည်းငယ်လိုအပ်နေခဲ့ပါတယ်။ အဲဒီအတွက် အချိန်ကိုဘယ်လိုဆွဲခဲ့လဲ၊ ဘယ်လိုတိုက်ခဲ့လဲ ၊ နောက်ဆုံးမှာ ဘယ်သူအနိုင်ခဲ့လဲ ဆိုတာကိုတော့ ဇာတ်ကားကြည့်ပြီး ဆက်လက်ရှုစားလိုက်ပါခင်ဗျာ။ ■

နောက်ကျောဖုံးမှအဆက်

## September 2015 ICM Exam Results

**ICM စာမေးပွဲ အောင်မြင်ကြသူများ (C နှင့် D Grade များ)**

| | |
|---|---|
| May May Hlaing | Marketing Management |
| Khine Thet Han | Marketing Management |
| Ei Mon Thant | Marketing Management |
| Aye Moe Khine | Marketing Management |
| Wai Thwe Aye | Marketing Management |
| Zin Me Me Thein | Marketing Management |
| Thet Thet Mon | Marketing Management |
| Phoo Pyae Hlaing Htin Lin | Marketing Management |
| Myat Thida Lwin | Marketing Management |
| May Mee Thwe | Marketing Management |
| Kyaw Swar Lwin | Marketing Management |
| Aye Myat Htoo | Marketing Management |
| Zin Thaw Thaw Oo | Project Management |
| Khin Cho Thet | Project Management |
| Aung Myint Tun | Project Management |
| Zar Zar Ko | Project Management |
| Yi Mon Aung | Quantitative Methods for Managers |
| Toe Toe Wai | Quantitative Methods for Managers |
| Mya Sanda | Quantitative Methods for Managers |
| Nyi Nyi Naing | Quantitative Methods for Managers |
| Ei Mon Thant | Quantitative Methods for Managers |
| Kyaw Swar | International Business Communications |
| Htet Myat Aung | Logistics & Supply Chain Management |
| Thu Thu Tun | Sales & Sales Management |
| Wai Min | Sales & Sales Management |
| Myat Thida Maung | Sales & Sales Management |
| Hnin Yu Yu Zin | Sales & Sales Management |
| Han Ni Tun | Sales & Sales Management |
| Tun Min Oo | Sales & Sales Management |
| Myat Myat Yee | Sales & Sales Management |
| Htun Htun Naing | Sales & Sales Management |
| Tin Maung Win | Strategic Management |
| Hsu Wai Zin | Strategic Management |
| Kaung Khant Aung Kyaing Win | Strategic Management |
| Mi Theingi Soe | Strategic Management |
| Kyaw Swar | Public Relations |
| Htet Yee Mon Shwe | Public Relations |
| Lal Ram Muani | Public Relations |
| Aye Aye Min | Business Management & Administration |
| Lyu Aye | Business Management & Administration |
| Zin Ko Latt | Business Management & Administration |
| Thida Nwe Win | Business Management & Administration |
| Ei Kay Khine | Business Management & Administration |
| Cho Thet Chel Lwin | Business Management & Administration |
| Thet Hnin Wai | Business Management & Administration |
| Shwe Yee Myo | Business Management & Administration |
| Phyo Ko Ko | Business Management & Administration |
| Ei Mon Win | Financial Management |
| Thet Htar | Financial Management |
| Nyein Chan | Human Resource Development (I) |
| Saw Ohnmar Pru | Human Resources Management |
| Wai Wai Hlaing | Human Resources Management |
| Tin Su Hlaing Mon | Human Resources Management |
| Su Rati Htun | Human Resources Management |
| Phyo Wai Yan Myint | Human Resources Management |
| Nyi Nyi Naing | Human Resources Management |
| Ni Ni Win | Human Resources Management |
| Nwe Mar Lwin | Human Resources Management |
| Mya Nandar Tun | Human Resources Management |
| May Thet Soe | Human Resources Management |
| Ei Ei Lwin | Human Resources Management |
| Chaw Thinzar Win | Human Resources Management |
| Aye Thu Myint | Human Resources Management |
| Alex Thet Paing Soe | Human Resources Management |
| May Myo Thazin | Human Resources Management |
| Thu Ra | Human Resources Management |
| Win Lae Khine | Human Resources Management |
| Yan Naung Soe | Human Resources Management |
| Nwe Nwe Tun | Human Resources Management |
| Nang Muay Khao | Human Resources Management |
| Hnin Aye Hlaing | Human Resources Management |
| G Esther Yaw Nam | Human Resources Management |
| Ei Myat Thandar | Human Resources Management |
| May Hnin Lai Oo | Management Theory & Practice |
| Naw Kyi Phyu | Management Theory & Practice |
| Nandar Nwe | Management Theory & Practice |
| Hnin Hnin Wai | Management Theory & Practice |

**D နဲ့ အောင်သော ကျောင်းသား/သူများ စာမေးပွဲပြန်လည်ဖြေဆိုလိုပါက စာမေးပွဲကြေးပြန်သွင်း၍ ဖြေဆိုနိုင်ပါသည်။**

# ဆေးလိပ်ရဲ့ဆိုးကျိုး



MJ ၊ ရှားလူအောင်၊ ထွန်းမင်းခန့်၊
ဝေယံမိုင်းအိန် (NCC- Batch -1)

### ဆေးလိပ်ဘယ်ကပေါ်လာသလဲ။

ဆေးလိပ်ကို အမေရိကတိုက်ရဲ့တောင်ဘက်ပိုင်းနဲ့ မြောက်ဘက်ပိုင်းဒေသတွေမှာ နေထိုင်တဲ့ဒေသခံတွေက ရှာဖွေတွေ့ရှိခဲ့ကြပါတယ်လို့ သမိုင်းပညာရှင်တွေကဆိုပါတယ်။ နောက်ပိုင်းမှာတော့ ဥရောပတိုက်နဲ့ ကမ္ဘာပေါ်မှာရှိတဲ့ အခြားဒေသတွေကို ပျံ့နှံ့လာပါတယ်။ ဥရောပဘက်မှာ အခြေချခဲ့တဲ့ အမေရိကန်နိုင်ငံသားတွေက မိတ်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး ဥရောပတိုက်မှာပါ ပျံ့နှံ့ခဲ့ပါတယ်။

အမေရိကတိုက်မှာတော့ ဆေးလိပ်ကို အသုံးပြုနေခဲ့တာ နှစ်အတော်ကြာမြင့်ခဲ့ပါပြီ။ အမေရိကတိုက်ရဲ့ အရှေ့နဲ့ မြောက်ဘက်မှာ နေထိုင်ကြတဲ့ လူမျိုးစုခေါင်းဆောင်တွေက သူတို့ရဲ့အိတ်ကပ်ထဲမှာ ဆေးလိပ်တွေကို အလွယ်တကူဖလှယ်နိုင်တဲ့ ကုန်ပစ္စည်းအဖြစ် ထည့်ထားပါတယ်။ မီးပုံဘေးမှာ ဆေးလိပ်စုသောက်တဲ့အခမ်းအနား (Pipe Ceremonies) နဲ့ စေ့စပ်ကမ်းလှမ်းတဲ့အခမ်းအနားတွေမှာအသုံးပြုလေ့ရှိကြပါတယ်။

ဆေးလိပ်ကို ဖန်တီးရှင်က ပေးတဲ့ လက်ဆောင်တစ်ခုလို့သူတို့တွေယူဆခဲ့ပါတယ်။ ဆေးလိပ်သောက်ခြင်းက ဆုတောင်းသူရဲ့အတွေးနဲ့ စိတ်တွေကို သယ်ဆောင်လာတယ်လို့သူတို့ယုံကြည်ခဲ့တယ်။ တချို့ကလည်း ဆေးဝါးအဖြစ် အသုံးပြုကြပါတယ်။

အခုနောက်ပိုင်း ဆေးပညာရပ်ဆိုင်ရာ အတတ်ပညာရှင်တွေရဲ့လေ့လာတွေ့ရှိချက်အရ ဆေးလိပ်နဲ့စီးကရက်ဟာ အမှန်တကယ်တော့ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်တာကို တွေ့ရှိခဲ့ပါတယ်။

ကနေ့ခေတ်မှာ လူအများသောက်သုံးနေကြတဲ့ဆေးလိပ်ပေါ်ပေါက်လာပုံကတော့ဥရောပတိုက်က အိမ်ခြေရာမဲ့လူငယ်လေးတွေက ဈေးနှုန်းမြင့်မားတဲ့ ဆေးပြင်းလိပ်တွေကို မဝယ်ယူနိုင်တဲ့အတွက် ဆေးပြင်းလိပ် အကြွင်းအကျန်တွေထဲက ဆေးရွက်ကြီးတွေကိုယူပြီး စက္ကူနဲ့လိပ်ပြီးသောက်ခဲ့တာက စတင်လာခဲ့တာ ဖြစ်ပါတယ်။ ဆေးလိပ်ကို ဥရောပတိုက်က လမ်းဘေးလေလွင့်နေတဲ လူငယ်လေးတွေ တီထွင်ခဲ့ကြတာဖြစ်ပါတယ်။

ပညာရှင်တွေရဲ့လေ့လာတွေ့ရှိချက်အရ ဆေးလိပ်သောက်သုံးသူ ၁၀ ယောက်မှာ (၇) ယောက်ဟာ စိတ်ဖိစီးမှုများလို့ သောက်သုံးနေတယ်လို့ တွေ့ရှိရပါတယ်။

လူငယ်အများစုက ဆေးလိပ်ကို ဖက်ရှင်တစ်ခုအနေနဲ့ သောက်သုံးနေကြတာများပါတယ်။ ဘာလို့လဲဆိုတော့ ဆေးလိပ်သောက်တာဟာ ယောကျ်ားပီသပြီး လူတွေကြားမှာ ထင်ရှားတယ်။ စတိုင်ကျဆိုတဲ့ အတွေးအခေါ်မှားတွေရှိနေလို့သောက်သုံးနေကြတာမျိုးလည်း ရှိပါတယ်။







တကယ်တမ်းမှာတော့ ဒါဟာအလွန်လွဲမှားတဲ့အတွေးနဲ့လုပ်နေကြတာဖြစ်ပြီးဆေးလိပ်သောက်သုံးခြင်းရဲ့နောက်ဆက်တွဲဖြစ်ပေါ်လာမယ့်အရာတွေကိုသောက်တဲ့ လူအများစုက ကြိုမတွေးတတ်ကြပါဘူး။

ကမ္ဘာပေါ်မှာ အမေရိကန်နဲ့ အိန္ဒိယနိုင်ငံတွေက ဆေးလိပ်သောက်သုံးမှု အများဆုံးနိုင်ငံတွေဖြစ်ပြီး တရုတ်ကဆေးလိပ်ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ပါတယ်။ ယနေ့အချိန်မှာ ကမ္ဘာ့ဆေးလိပ်သောက်သုံးသူဦးရေက ၁ဒသမ ၁ ဘီလီယံအထက် ရှိနေပါတယ်။ ဆေးလိပ်ကြောင့်တစ်နှစ်မှာသေဆုံးသူဦးရေက (၅) သန်းအထက်မှာရှိနေပြီး တစ်ရက်မှာ သေဆုံးသူ ၁၃၀၀ နီးပါးရှိပါတယ်။ Second hand Smokingကြောင့်သေဆုံးသူတွေက (၆) သိန်းနီးပါးရှိပါတယ်။ ကမ္ဘာပေါ်မှာရောဂါကြောင့်သေဆုံးတဲ့သူတွေအများစုက ဆေးလိပ်နဲ့ဆက်နွယ်နေတဲ့သူတွေက အများဆုံးဖြစ်နေပါတယ်။

### ဆေးလိပ်သောက်ခြင်းရဲ့ဆိုးကျိုးများ

#### သွေးလည်ပတ်မှု

ဆေးလိပ်သောက်တဲ့အခါမှာဆေးလိပ်ထဲမှာပါဝင်တဲ့အဆိပ်အတောက်တွေက သွေးထဲကိုရောက်သွားပြီး သွေးတိုးစေပါတယ်။ နှလုံးခုန်နှုန်းကိုပိုမြန်စေတာကြောင့် နှလုံးကို သာမန်ထက် ပိုအလုပ်လုပ်ခိုင်းစေပါတယ်။ သွေးကြောတွေကို ကျဉ်းသွားစေပြီး ကိုယ်တွင်းကလီစာတွေစီကို အောက်ဆီဂျင်ပေးပို့မှု လျော့နည်းသွားစေပါတယ်။

#### ဦးနှောက်ထိခိုက်မှု

သင်ဆေးလိပ်သောက်တဲ့အခါမှာလေဖြတ်နိုင်ခြေပိုမြင့်တက်လာပါတယ်။ တိတိကျကျပြောရမယ်ဆိုရင် ဆေးလိပ်သောက်တာဟာ လေဖြတ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းအထိ တိုးလာစေပါတယ်။ လေဖြတ်ခြင်းကြောင့် ဦးနှောက်ပျက်စီးမှုနဲ့ သေဆုံးခြင်းတို့ဖြစ်စေပါတယ်။ ဒါ့ကြောင့်ဆေးလိပ်သောက်ခြင်းက လေဖြတ်ပြီး သေဆုံးနိုင်ခြေထက်ဝက်လောက်မြင့်တက်လာစေနိုင်တယ်လို့ဆိုလို့ရပါတယ်။

#### အသားအရေအပေါ်သက်ရောက်မှု

ဆေးလိပ်ဟာ လူရဲ့အရေပြားကို အောက်ဆီဂျင်ရောက်မှုလျော့နည်းစေပါတယ်။ တစ်နည်းအားဖြင့် ဆေးလိပ်သောက်တာဟာ အသားအရေကို ပိုပြီးအိုမင်းရင့်ရော်ကာ မွဲခြောက်ခြောက်ဖြစ်စေပါတယ်။ အကျိုးဆက်ကတော့ အသားအရေကိုပုံမှန်ရှိရမယ့်အခြေအနေထက် နှစ်ပေါင်း ၁၀ နှစ်ကနေ နှစ် ၂၀ လောက်အထိ ပိုပြီး အိုမင်းရင့်ရော်စေပါတယ်။ အသားအရေတွန့်တာ၊ အထူးသဖြင့် ပါးစပ်နဲ့မျက်စိနားက အသားအရေတွေ ပိုပြီးတွန့်စေပါတယ်။

#### အဆုတ်ရောဂါ

ဆေးလိပ်သောက်ခြင်းရဲ့အဓိကထိခိုက်မှုခံရတာကတော့ သင့်အဆုတ်တွေပဲဖြစ်ပါတယ်။ ချောင်းဆိုးတာ၊ အအေးမိတာ၊ ရှူကြပ်တာ၊ ရင်ကြပ်ရောဂါ စတာတွေကအစပဲရှိပါသေးတယ်။ သေစေနိုင်လောက်တဲ့ရောဂါဆိုးတွေဖြစ်တဲ့နမိုးနီးယားနဲ့အဆုတ်ကင်ဆာတွေကနောက်ဆက်တွဲအဖြစ်လိုက်လာမှာပါ။ အဆုတ်ကင်ဆာနဲ့သေဆုံး တဲ့လူတွေရဲ့ ၈၄ ရာခိုင်နှုန်းလောက်က ဆေးလိပ်သောက်တဲ့လူတွေဖြစ်ပါတယ်။

သတင်းကောင်းကတော့ ဆေးလိပ်ဖြတ်လိုက်မယ်ဆိုရင် ကျန်းမာရေး ပြန်တိုးတက်လာမှာဖြစ်ပြီး တစ်စတစ်စနဲ့ သာမန်လူတစ်ယောက်လိုမျိုးပြန်ဖြစ်လာနိုင်ပါတယ်။

ဒီလိုမျိုးအကျိုးမရှိပဲ လူတွေကိုဒုက္ခပေးနေတဲ့ဆေးလိပ်ကြောင့်တစ်နေ့တစ်နေ့အလဟဿဆုံးရှုံးနေရတဲ့အသက်ပေါင်းမနည်းပါဘူး။ အခုခေတ်မှာနိုင်ငံတိုင်းလိုလိုဆေးလိပ်ဆန့်ကျင်ရေး campaignတွေလုပ်နေကြပြီး တချို့ထိရောက်တဲ့ campaign တွေကြောင့် ဆေးလိပ်ဖြတ်တဲ့လူတွေလည်းများလာပါပြီ။ သင်လည်းဆေးလိပ်ကိုရံဖန်ရံခါ ဒါမှမဟုတ် စွဲလမ်းစွာသောက်သုံးတဲ့ လူတစ်ယောက်ဆိုရင် ဒီဆောင်းပါးကိုဖတ်ပြီး ဆိုးကျိုးတွေကိုသိမြင်နိုင်ဖို့ Healthy living ကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

■



# STRATEGY FIRST INSTITUTE

## ICM *single subject diplomas in*
# business & management



**အချိန်ရှားပါးသော လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊**
**အရာရှိများအတွက် (၅) လခွဲ သင်တန်းများ**

## December - June Term ဒီဇင်ဘာ (၁) ရက် စမည်။

1. **Business Management & Administration** | (Session-1) Saturday – 6 to 8:30 pm | (Session-2) Sunday – 9:00 am to 12:00 pm | (Session-3) Sunday – 9:00 am to 12:00 pm
2. **Human Resources Management** | Monday - 6:00 to 8:30 pm
3. **Human Resource Development** | Thursday - 6:00 to 8:30 pm
4. **Sales & Sales Management** | Sunday – 6:00 to 8:30 pm
5. **Financial Management** | Tuesday – 6:00 to 8:30 pm
6. **Project Management** | Wednesday – 6:00 to 8:30 pm
7. **Logistics & Supply Chain Management** | Friday – 6:00 to 8:30 pm
8. **Public Services Management** | Saturday – 2:00 to 5:00 pm
9. **Marketing Management** | Monday - 6:00 to 8:30 pm | Saturday –6:00 to 8:30 pm

**Single Module Fees: 365,000 kyats for each module**
**ICM Registration Fees - 45 USD per year | Exam Fees: 60 USD per module**

အတန်းသစ်များဒီဇင်ဘာလ (၁) ရက်တွင်စတင်ပြီး ၂၀၁၆ မေလကုန်တွင် ပြီးဆုံးပါမည်။
မိမိအတွက် လိုအပ်သော ဘာသာရပ်တစ်ခုချင်းသာ ရွေးချယ်တက်ရောက်နိုင်ပြီး
Institute of Commercial Management (ICM, UK) မှ တိုက်ရိုက်စစ်ဆေးသော
စာမေးပွဲကို ဖြေဆိုအောင်မြင်ပါက Single Subject Diploma များရရှိပါမည်။



သတိပြုရန် - ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM
လုပ်ငန်းများနှင့်၎င်းတို့၏ ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
**CALL NOW: (09) 250 7171 66 ~ 68**

The STRATEGY FIRST Times

# Peter Drucker (1909-2005)



ထူးဇော်ဝေ



ယခုအပတ် Thinker's Profile မှာ မိတ်ဆက်ပေးမယ့်သူကတော့ ခေတ်သစ်စီမံခန့်ခွဲမှု ဂုရုကြီးဖြစ်တဲ့ Peter F. Drucker ဖြစ်ပါတယ်။ သူကတော့ စီမံခန့်ခွဲမှုဘာသာရပ်မှာ နာမည်ကြီးတဲ့ Management by Objectives (ရည်မှန်းချက်ထား စီမံခန့်ခွဲခြင်း) နဲ့Self-control စတဲ့ ခေတ်သစ်စီမံခန့်ခွဲမှု နည်းလမ်းပေါင်းများစွာကို စတင်တီထွင်ဖော်ထုတ်ခဲ့သူဖြစ်ပါတယ်။

Peter Druckerကို ၁၉၀၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှာ အစိုးရရှေ့နေ Adolf Drucker နဲ့ CarolineBondတို့ကမွေးတာဖြစ်ပြီး ဩစတြီးယားမှာမွေးခဲ့ပြီး အမေရိကန်နိုင်ငံသားတစ်ယောက် ဖြစ် ပါတယ်။သူဟာ ဩစတြီးယားမှာရှိတဲ့ Kaasgraben ရွာလေးတစ်ရွာမှာ ပထမကမ္ဘာစစ်ကြောင့် မပျက်စီးခင် ထိနေထိုင်ခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာ အလုပ်နဲ့ ကျောင်းအတွက် ဂျာမနီနိုင်ငံကို ပြောင်းရွှေ့ခဲ့ပါတယ်။

ဘဏ်ဝန်ထမ်းနဲ့ စာနယ်ဇင်းသမားအနေနဲ့ အလုပ်လုပ်ပြီးတဲ့နောက်ပိုင်းမှာInternational Law နဲ့ Public Law ဒေါက်တာဘွဲ့ကို ၁၉၃၁ ခုနှစ်မှာ University of Frankfurt ကနေ ရရှိခဲ့ပါတယ်။ ၁၉၃၃ ခုနှစ်မှာ ဂျာမနီကနေ လန်ဒန်ကိုပြောင်းရွှေ့နေထိုင်ရင်း အာမခံကုမ္ပဏီမှာ Chief Economist အနေနဲ့ အလုပ်လုပ်ခဲ့ပါတယ်။ ၁၉၃၄ မှာ ကျောင်းနေဖက်သူငယ်ချင်း Doris Schmitz နဲ့ လက်ထပ်ခဲ့ပါတယ်။ လန်ဒန်မြို့မှာ(၄) နှစ်ကြာပြီးနောက် သူဟာ US ကို ပြောင်းရွှေ့နေထိုင်ပြီး စာရေးဆရာအပြင် တက္ကသိုလ်ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၄၃ မှာ သူက အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့ပါတယ်။နှစ်နှစ်အကြာ ၁၉၄၅ ခုနှစ်မှာ ကမ္ဘာ့အကြီးဆုံး ကုမ္ပဏီတစ်ခုဖြစ်တဲ့ General Motors မှာ Executive Director အဖြစ် တာဝန်ယူခဲ့ပါတယ်။

သူဟာ ဥရောပမှာ နေထိုင်ခဲ့စဉ်က အတွေ့အကြုံတွေနဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဆုံးဖြတ်လုပ်ပိုင်ခွင့်ဆိုင်ရာ အတွေးအခေါ်အသစ်တွေကို General Motors က Administrative Executive, Donalson Brownကို မျှဝေခဲ့ပါသေးတယ်။ Peter Drucker ဦးဆောင်တဲ့ စီမံခန့်ခွဲမှုအဖွဲ့တစ်ခုလုံးရဲ့ ပူးပေါင်းပါဝင်မှုရလဒ်အနေနဲ့ လုပ်ငန်းစုကြီးများဆိုင်ရာ အယူအဆအသစ်ကိုဖော်ထုတ်နိုင်ခဲ့ပြီး General Motors ရဲ့စီမံအုပ်ချုပ်မှုပိုင်း အဆင့်အကန့်တွေ ခွဲပေးနိုင်ခဲ့ပါတယ်။ လေ့လာတွေ့ရှိခဲ့တဲ့ အယူအဆအသစ်ဟာ Drucker ရဲ့ဘဝ ဖြစ်စေခဲ့ရုံမက Corporate Management အတွက် အယူအဆအသစ်လည်း ဖြစ်ခဲ့တယ်။

၂၀ ရာစုအလယ်ပိုင်းမှာ အမြောက်အမြားထုတ်လုပ်မှုကို လုပ်ကိုင်တဲ့လုပ်ငန်းတွေနဲ့ လုပ်ငန်းစုကြီးတွေမှာ သတင်းအချက်အလက်နဲ့ လုပ်ပိုင်ခွင့်အာဏာမမျှတတာတွေကိုသတိထားမိပြီးကုမ္ပဏီတွေရဲ့အုပ်ချုပ်မှုအဆင့်အကန့်တွေကို ဘယ်လိုပြန်လည်ခွဲသင့်သလဲ၊ ဆုံးဖြတ်လုပ်ပိုင်ခွင့်တွေ ကိုဘယ်လိုခွဲဝေပြီး လုပ်ဆောင်တာက လုပ်ငန်းကို ဘယ်လိုမြန်ဆန်စေပြီး လုပ်ကိုင်မှုစွမ်းရည်တွေ တက်လာမလဲ စတဲ့ အသိပညာတွေကို ကုမ္ပဏီတွေမှာ မျှဝေခဲ့တဲ့အပြင် စာအုပ်တွေအဖြစ်လည်း ထုတ်ဝေခဲ့တယ်။

Peter Drucker ဟာ ၁၉၅၀ ကနေ ၁၉၇၁ ခုနှစ်ထိ နှစ်ပေါင်း ၂၀ကျော် နယူးယောက်တက္ကသိုလ်မှာ စီမံခန့်ခွဲရေးဘာသာရပ်ကို သင်ကြားခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်ထိ Clamont Graduate တက္ကသိုလ်မှာ Social Science နဲ့ စီမံခန့်ခွဲရေးဘာသာရပ် ပါမောက္ခအဖြစ် တာဝန်ယူခဲ့ပါတယ်။ ၁၉၇၅ခုနှစ်မှစတင်ပြီး နာမည်ကျော်ကြားလှတဲ့ The Wall Street Journal နဲ့ Harvard Business Review တွေမှာ ပင်တိုင် ဆောင်းပါးရှင်အဖြစ် ရေးသားခဲ့ပြီး The Economist နဲ့ The Altantic Monthly မှာလည်းဆောင်းပါးတွေရေးသားခဲ့ပါသေးတယ်။

Peter Drucker ဟာ အသက် ၉၅ နှစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ ကယ်လီဖိုးနီးယားမှာ ဆုံးခဲ့တာဖြစ်ပြီး သားသမီးလေးယောက်နဲ့ မြေး (၆) ယောက် အဖိုးလည်းဖြစ်ပါတယ်။ Drucker ရဲ့မိန်းမ Doris Schmitz ကတော့အသက် ၁၀၃ နှစ် အောက်တိုဘာ ၂၀၁၄ မှာသေဆုံးခဲ့တာဖြစ်ပါတယ်။ Peter Drucker ဟာ စာအုပ်ပေါင်း ၄၀ ကျော် ရေးသားထုတ်ဝေခဲ့ပြီးနိုင်ငံပေါင်းမြောက်များစွာကလည်း ဘာသာစကားပေါင်း ၂၀ ကျော်ဖြင့် ဘာသာပြန်ပြီး ပြန်လည်ထုတ်ဝေခဲ့ကြပါတယ်။ ■







# တောင်ကြီးတန်ဆောင်တိုင်

တောင်ကြီးတန်ဆောင်တိုင်မီးထွန်းပွဲဟာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ရဲ့မသိုးသင်္ကန်းကပ်လှူတဲ့ ပွဲတော်တစ်ခုပဲဖြစ်ပါတယ်။ ပွဲတော်ကို အင်္ဂလိပ်ခေတ် ၁၉၃၀ ပြည့်နှစ်နောက်ပိုင်းက စတင်ကျင်းပလာခဲ့တာဖြစ်ပါတယ်။ ရှေးတုန်းက ဗုဒ္ဓဘာသာဝင် သျှမ်း(ရှမ်း) ပြည်သားတွေက နတ်ပြည်မှဆင်းသက်လာတဲ့ ဗုဒ္ဓမြတ်စွာဘုရားကို မိမိတို့ပော်နန်းစိုက်ရာမြို့ရွာ၊ဘုန်းတော်ကြီးကျောင်းတွေကနေမီးပုံးပျံ၊တိုးနယား၊ကိန္နရီ၊ကိန္နရာအကတို့နဲ့ကပြဖျော်ဖြေကာ ကြိုဆိုကြပေမယ့် ကျောင်းစာသင်ကြားနေတဲ့ ရှမ်းစော်ဘွားသားသမီးတွေကတော့ သီတင်းကျွတ်ပွဲတော် တက်ရောက်နိုင်ခြင်း မရှိကြပါဘူး။ သူတို့ကြည့်ရှုဖို့ ဆိုင်ရာပြည်နယ်တွေက မီးပုံးပျံလွှတ်ပြခြင်း၊ မီးရှူးမီးပန်းအလှုပြခြင်းကို တန်ဆောင်မုန်းလ ကထိန်ပွဲတော်အခါသမယမှာ ပူးတွဲကျင်းပရာကနေ မီးပုံးပျံပွဲတော် စတင်လာခြင်းဖြစ်ပါတယ်။

တောင်ကြီးတန်ဆောင်တိုင်မီးထွန်းပွဲတော်ကိုမိုးလေကင်းလွတ်တဲ့တန်ဆောင်မုန်းလပြည့်နေ့မှာကျင်းပလေ့ရှိပြီး ၂၀၁၅ ခုနှစ်မှာတော့ လာမယ့်နိုဝင်ဘာ ၂၀ ကနေ ၂၆ ရက်အထိ (၇) ရက်တာကျင်းပကြမှာဖြစ်ပါတယ်။ ပွဲတော်ပထမနှစ်ရက်ကလူအစည်ကားဆုံးဖြစ်ပါတယ်။ပွဲတော်ကာလမှာမသိုးသင်္ကန်းရက်ပြိုင်ပွဲကျင်းပခြင်း၊ဘဲပုံ၊ဆင်ပုံ၊ဘုရားပုံ၊နဂါးပုံစတဲ့ပုံစံအမျိုးမျိုးနဲ့ပြုလုပ်ထားတဲ့မီးပုံးပျံတွေလွှတ်တင်ကြသလို သတ်မှတ်စည်းကမ်းချက်တွေကိုက်ညီတဲ့မီးပုံးပျံအဖွဲ့တွေကိုလည်း ဆုအမျိုးမျိုးချီးမြှင့်တတ်ကြပါတယ်။

**စိုးသဒ္ဒါဘို၊သဇင်ထက်၊ဇင်နွယ်ဦး**



# ကုမ္ပဏီတစ်ခု စတင်မတည်ထောင်မီ သိသင့်လုပ်သင့်တဲ့အချက်များ




သီဟ

သင့်မှာအောင်မြင်လောက်မယ့်စီးပွားရေးအကြံဉာဏ်တစ်ခုရှိတယ်။ ပြီးတော့ ကိုယ်တိုင်လုပ်ကိုင် ဖို့လဲစိတ်အားထက်သန်နေတယ်ဆိုရင် ဘယ်ကစလုပ်မလဲ။ ကုမ္ပဏီတစ်ခု စီးပွားရေးလုပ် ငန်းတစ်ခုထူထောင်ပြီး လည်ပတ်နိုင်ဖို့ဆိုတာ သင်ထင်ထားသလောက် ခက်ခဲတဲ့အရာတော့မဟုတ်ပါဘူး။ ကိုယ့်အကြံဉာဏ်ကိုအကောင်အထည်ဖော်နိုင်ဖို့ လုပ်ငန်းတစ်ခုစတင်တဲ့အခါမှာလိုအပ်တဲ့၊လုပ်သင့်တဲ့အချက်အလက်တွေကိုအဆင့်ဆင့်ဖော်ပြထားပါတယ်။

## ၁။ကိုယ်လုပ်ကိုင်မယ့်လုပ်ငန်းက ကိုယ့်အတွက် ရေရှည်လုပ်ကိုင်နိုင်ပြီး၊ စိတ်ပါဝင်စားမယ့် အရာမျိုးဖြစ်ပါစေ။

လုပ်ငန်းတစ်ခုစလုပ်တော့မယ်ဆိုရင်လုပ်ချင်တာထက်၊ လုပ်ချင်စိတ်ပြင်းပြပြီး စိတ်အားထက်သန်တဲ့ စိတ်ဓာတ်မျိုးရှိရပါမယ်။ လုပ်ငန်းလုပ်ဖို့အတွက်လိုအပ်တဲ့လိုင်စင်လုပ်ဖို့၊လုပ်ငန်းအတွက်နေရာကောင်းကောင်းရှာနိုင်ဖို့ အချက်အလက်ကောင်းတွေအများကြီး ရှာဖွေရမှာဖြစ်ပြီး ကိုယ်က စိတ်အားထက်သန်မှုမရှိ ဘူးဆိုရင်တော့လုပ်ငန်းကကျရှုံးမှာပဲဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုရောင်းဖို့ရှိနေတာနဲ့ပဲ စိတ်ဝင်စားမှုမရှိ၊ ကိုယ်လုပ်ချင်နေတဲ့ လုပ်ငန်းမဟုတ်ဘဲနဲ့ ဝယ်ယူပြီးလုပ်ကိုင်တဲ့လူတွေကို တွေ့ဖူးပါတယ်။ လုပ်ငန်းတစ်ခုလည်ပတ်ဖို့ အချိန်နဲ့ ငွေတွေအများကြီးပေးဆပ်ရမှာဖြစ်လို့ကိုယ်လုပ်ချင်တဲ့လုပ်ငန်းမှာ ပဲရင်းနှီးမြှုပ်နှံတာကောင်းပါတယ်။

## ၂။ လေ့လာသင်ယူပါ။

စီးပွားရေးနဲ့ပက်သက်တဲ့သင်တန်းတွေကိုတက္ကသိုလ်တစ်ခုခုမှာပဲဖြစ်ဖြစ်၊ အင်တာနက်ကနေပဲဖြစ်ဖြစ်သင်ယူလို့ရပါတယ်။ အချိန်ရမယ်ဆိုရင် ကိုယ်လုပ်မယ့်လုပ်ငန်း industry ထဲမှာ ဘယ်လိုလည်ပတ်ဆိုတာသိရအောင် သက်ဆိုင်တဲ့ကုမ္ပဏီတစ်ခု ခုမှာ ခဏတစ်ဖြုတ်အလုပ်ဝင်လုပ်ကြည့်ပါ။

## ၃။ business plan ရေးကြည့်ပါ။

လူတော်တော်များများက လုပ်ငန်းစလုပ်ခါစမှာ business plan မလိုသေးဘူးလို့ တွေးတတ်ကြပါတယ်။ ဒါပေမဲ့ စာရွက်ပေါ်မှာ ကိုယ့် idea တွေကိုချရေးပြီး အစီစဉ်တကျဖြစ်အောင် လုပ်ကြည့်တာဟာ idea ကိုပိုကောင်းအောင် စေပြီးတော့အတည်ဖြစ်စေပါတယ်။ကိုယ်ရဲ့idea ကို ပိုပြီးတော့ သေချာဆန်းစစ်မိစေပြီးတော့ အကောင်အထည် ဖော်ဖို့အတွက် လိုအပ်တဲ့အရာတွေကိုလည်း ပိုသိလာစေပါတယ်။

## ၄။ အကြံဉာဏ်ကောင်းတွေရစေဖို့ ကျွမ်း ကျင်သူတွေနဲ့တိုင်ပင်ပါ။

ပါမောက္ခတွေ၊စာရင်းကိုင်တွေ၊ရှေ့နေတွေ ဘဏ်ဝန်ထမ်းတွေနဲ့ တိုင်ပင်ဆွေးနွေးကြည့်ပြီးတော့သူတို့ရဲ့ထင်မြင်ချက်တွေအကြံပြုချက်တွေကိုနားထောင်ပါ။ ဒီလိုတိုင်ပင်ကြည့်တာကြောင့် ကိုယ့် အကြံဉာဏ်ကို ငြင်းပယ်မယ့်လူတွေနဲ့ ပိုပြီးတော့ကောင်းအောင် အကြံပြုမယ့်သူတွေနဲ့တွေ့နိုင်ပါတယ်။ရင်းနှီးမြှုပ်နှံသူတွေကလည်း ကိုယ့်အကြံဉာဏ်က ဘယ်လောက်ဖြစ်နိုင်ခြေရှိမယ်ဆိုတာကိုကြည့်မှာဖြစ်လို့အများရဲ့ ထင်မြင် ချက်တွေကို သိထားသင့်ပါတယ်။

## ၅။ စာရင်းကိုင်တစ်ယောက်လောက် ကိုယ့်ဘက်မှာရှိအောင်ရှာထားပါ။

Sarah Burningham ဆိုသူက အခုလိုပြောခဲ့ပါတယ် "ကျွန်မ ကိုယ်ပိုင်အလုပ်တစ်ခုစလုပ်ဖို့ စိတ်ကူးရခဲ့တဲ့အချိန် ၂၀၀၉ လောက်တုန်းက ကုမ္ပဏီတစ်ခုမှာအလုပ်လုပ်နေဆဲဖြစ်ပေမယ့် လုပ်ငန်းစလုပ်ရင်လုပ်ရမယ့် အခြေခံအလုပ်တွေကို လုပ်ခဲ့ပါတယ်။ စာရင်းကိုင်တစ်ယောက်ခေါ်ခဲ့တာက အရေးပါတဲ့အချက် တစ်ခုဖြစ်ခဲ့ပါတယ်။ လူတွေဟာ ကျွန်မဘာဖြစ်လို့အလုပ်တောင်မထွက်ရသေးခင်လုပ်ငန်းလည်းဘာမှမလုပ်ရ၊ ဝင်ငွေလည်း ဘာမှမရှိသေးခင်မှာ စာရင်းကိုင်တစ်ယောက်နဲ့ ဆွေးနွေးမှုတွေလုပ်နေသလဲဆိုတာ နားမလည်နိုင်ကြ ပါဘူး။ ဒီဆွေးနွေးမှုတွေကြိုလုပ်ခဲ့တာကြောင့်ပဲလုပ်ငန်းလုပ်ရင် အမြတ်ကျန်အောင် ဘယ်လိုလည်ပတ်ရမယ်၊ ဝင်ငွေထွက်ငွေကို ဘယ်လိုစီမံရမယ်ဆိုတာနဲ့ အခွန်ဆောင်ရမယ့်ကိစ္စတွေကို နားလည်ခဲ့တာဖြစ်ပါတယ်။

## ၆။ ဖောက်သည်တွေဘယ်လိုရအောင် လုပ်ရမယ်ဆိုတာကိုနားလည်အောင်လုပ်ပါ။

ကိုယ်စလုပ်မယ့်လုပ်ငန်း အပေါ်မူတည်ပြီးတော့လူသိများစေဖို့နဲ့ဖောက်သည်တွေလက်လှမ်းမီစေဖို့ကအရေးကြီးပါတယ်။ ဆိုရှယ်မီဒီယာတွေကနေ ကိုယ့်လုပ်ငန်းကို လူသိများအောင် လုပ်လို့ရပါတယ်။

စီးပွားရေးလုပ်ငန်းတွေ အကုန်လုံးမှာ ဖောက်သည်တွေဘယ်လောက်ရှိရှိ ပုံသေကုန်ကျစရိတ် (fixed cost) တွေရှိတာကြောင့် ကုန်ကျစရိတ်တွေပိုမတက်လာစေဘဲနဲ့ဖောက်သည်အသစ်တွေရအောင် လုပ်နိုင်ဖို့ အရေးကြီးပါတယ်။

နောက်အပတ်တွေမှာလည်း Personal Development နဲ့ ပတ်သက်တဲ့ သိမှတ်စရာလေးတွေကို ဆက်လက်ဖော်ပြသွားပါဦးမယ်။

■



# The Manager's Guide to HR



မျိုးထက်နိုင်

ဒီတစ်ပတ် စာအုပ်စင်ကဏ္ဍမှာ ညွှန်းပေးချင်တဲ့ စာအုပ်ကတော့ American Management Association ကနေထုတ်ဝေထားတဲ့ The Manager's Guide to HR ဆိုတဲ့ စာအုပ်ကိုမိတ်ဆက်ပေးမှာဖြစ်ပါတယ်။ စာအုပ်မှာ စုစည်းရေးဖွဲ့ထားတဲ့ အခန်းတွေဟာ ရိုးရှင်းပြီးဖတ်ရှုရတာလွယ်ကူပါတယ်။ HR နဲ့ပတ်သက်တဲ့ပြဿနာကြီးတွေကို ရှောင်ရှားနိုင်ဖို့အတွက်လည်း အကူအညီပေးနိုင်ပါလိမ့်မယ်။ HR မန်နေဂျာတိုင်းရဲ့ စာအုပ်စင်နဲ့ HR ဌာနတိုင်းမှာ မရှိမဖြစ် ဆောင်ထားသင့်တဲ့ စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ်။ ဒီစာအုပ်မှာဆိုရင် HR မန်နေဂျာတိုင်းရဲ့အရေးပါတဲ့အောင်မြင်မှုတွေအတွက်မဖြစ်မနေဖတ်ရှုလေ့လာသင့်တဲ့ခေါင်းစဉ်တွေကို ရွေးချယ်စုစည်း တင်ပြထားခြင်းပဲဖြစ်ပါတယ်။




American Management Association ကထုတ်တဲ့စာအုပ်တွေကိုရေးသားတဲ့ စာရေးဆရာတွေဟာ သူတို့ရဲ့ကျွမ်းကျင်ရာနယ်ပယ်တွေရဲ့ပညာရှင်ကြီးတွေပဲဖြစ်ပါတယ်။ သူတို့ရဲ့ဗဟုသုတ၊အတွေ့အကြုံ၊ဂုဏ်သတင်းကျော်ကြားမှုတွေဟာ ပြိုင်ဘက်ကင်းသူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ ကမ္ဘာ့အဆင့် ပညာပေးသူ၊ စီးပွားရေးလုပ်ငန်း ပိုင်ရှင်တွေနဲ့ အကြံပေးအတိုင်ပင်ခံပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်။ အခု The Manager's Guide to HR စာအုပ်ကို Max Muller ကရေးသားထားတာဖြစ်ပြီးယခု ဒုတိယအကြိမ်တည်းဖြတ်ထုတ်ဝေထားတာဖြစ်ပါတယ်။

ဒီစာအုပ်မှာတော့ ပုဂ္ဂိုလ်ရေးပြဿနာတွေ၊ လုပ်ငန်းခွင် သဘောထားကွဲလွဲမှုတွေ၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်တိုက်ခိုက်ခံရမှုတွေနဲ့မသန်စွမ်းသူများဆိုင်ရာပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းပုံနဲ့ လုပ်ငန်းခွင်မှာပတ်သက်နေတဲ့ဥပဒေတွေနဲ့ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အချက်အလက်တွေ ပြောင်းလဲမှုတွေကို အခန်း ၁၀ခန်းခွဲပြီး ဖော်ပြပေးထားပါတယ်။

HR မန်နေဂျာတစ်ယောက် သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် မေးလာနိုင်တဲ့မေးခွန်းတွေဖြစ်တဲ့ကိုယ့်ရဲ့ ဝန်ထမ်းတစ်ဦးချင်းစီကို အလုပ်မှာ ထိန်းထားနိုင်ဖို့ သက်သေခံ စာရွက်စာတမ်း အထောက်အထား ဘယ်လောက်လိုအပ်မလဲ၊ ပြဿနာရှိတဲ့ ဝန်ထမ်းတစ်ယောက်ကို အလုပ်မှ မထုတ်ခင်မှာမည်သည့်ဆောင်ရွက်ချက်အဆင့်တွေကို လုပ်ဆောင်ထားသင့်သလဲ၊ အလုပ်သမားရေးရာပြဿနာတွေနဲ့ အလုပ်ခွင် ဆူပူအုံကြွမှုတွေ ဖြစ်လာခဲ့မယ်ဆိုရင် ကိုင်တွယ်ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းက ဘာဖြစ်နိုင်မလဲ ဆိုတဲ့ မေးခွန်းတွေကို ဖြေဆိုနိုင်ဖို့ ဒီစာအုပ်က အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

HR မန်နေဂျာတွေဟာအလုပ်နဲ့ပတ်သက်ပြီးဝန်ထမ်းတွေ ငှားရမ်းခြင်း၊ အလုပ်ထုတ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ လုပ်ခလစာပေးချေခြင်း၊ သက်သေခံအထောက်အထားစာရွက်စာတမ်းများပြင်ဆင်ခြင်း၊ ဝန်ထမ်းများရဲ့လုပ်ဆောင်မှုတွေကို အကဲဖြတ်ခြင်း၊ ဝန်ထမ်းတွေကို လေ့ကျင့်သင်ကြားပေးခြင်း စသည့်အရာတွေမှာ လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်ယူရမှုရှိတယ်ဆိုတာကိုလည်းဒီစာအုပ်မှာမီးမောင်းထိုးပြထားပါတယ်။

ဒါ့အပြင် ဝန်ထမ်းစုဆောင်းတဲ့ နေရာမှာ ဆိုရှယ်မီဒီယာတွေရဲ့အရေးပါလာမှုနဲ့ ဆိုရှယ်မီဒီယာတွေပေါ်မှာ The National Relation Board အဖွဲ့ရဲ့အလုပ်သမားတွေနဲ့ ပတ်သက်ပြီးရပ်တည်ချက်ပြောစကားများကိုကောက်နုတ်ဖော်ပြပေးထားပါတယ်။

လုပ်ငန်းတစ်ခုဟာ နှစ်တွေကြာလာတာနဲ့ အမျှကြီးထွားလာသလို ပို၍လည်း ရှုပ်ထွေးလာတဲ့အတွက် ဝန်ထမ်းခန့်အပ်ခြင်းနဲ့ ပက်သက်ပြီး ဥပဒေနဲ့ ပြဋ္ဌာန်းချက် စည်းမျဉ်းတွေကို အချိန်နဲ့အမျှ လိုက်လျောညီထွေစွာ ပြောင်းလဲပေးဖို့ လိုအပ်ကြောင်းကိုလည်း ထောက်ပြထားပါတယ်။ ဒါကြောင့်ဒီစာအုပ်ဟာ HR မန်နေဂျာတွေနဲ့လုပ်ငန်းအတွက်ပါ ယနေ့အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ ပတ်ဝန်းကျင်မှာ ရပ်တည်နေနိုင်ဖို့အတွက်အဖြေနဲ့လမ်းညွှန်ချက်တွေပေးနိုင်မယ့် အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။

စာဖတ်ပရိတ်သတ်ကြီးအနေနဲ့ The Manager's Guide to HR ဆိုတဲ့ စာအုပ်ကို ဖတ်ဖြစ်အောင် ဖတ်ကြည့်လိုက်ပါလို့ အကြံပေးရင်း Strategy First Library စာအုပ်စင်လေးကို ကြွလှမ်းခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ■

## PROGRAM HIGHLIGHT

# Project Management



ဒီတစ်ပတ်မှာတော့ Project Management (ပရောဂျက်များကို စီမံခန့်ခွဲခြင်းဆိုင်ရာပညာရပ်) နဲ့မိတ်ဆက်ပေးမှာ ဖြစ်ပါတယ်။ ပရောဂျက်ဆိုတာကတော့ အချိန်ကာလတစ်ခုအတွင်းမှာ ထုတ်ကုန်တစ်ခု (သို့) ဝန်ဆောင်မှုတစ်ခုကို အကောင်းဆုံးထွက်လာအောင်လုပ်တဲ့ အလုပ်ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ပရောဂျက်အလိုက် လုပ်ရတဲ့အလုပ်တွေရှိလာသလို Project Management ဟာလည်း ခေတ်စားလာပါတယ်။ ဒီဘာသာရပ်မှာ ပရောဂျက်တစ်ခုကို အစအဆုံး အောင်အောင်မြင်မြင်ပြီးဆုံးဖို့ စီမံခန့်ခွဲရာမှာ လိုအပ်တဲ့အရာတွေကို လေ့လာရမှာပါ။

Project Management မှာ ပရောဂျက်များကိုအစပြုခြင်း၊ အစီအစဉ်ဆွဲခြင်း၊ အစီအစဉ်အတိုင်းဆောင်ရွက်နိုင်အောင်အကောင်အထည်ဖော်ခြင်းဆိုပြီး အဓိက အပိုင်းသုံးပိုင်း ပါဝင်ပါတယ်။ အပိုင်းတစ်ခုချင်းစီကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန်၊ အကောင်အထည်ဖော်ရာမှာကြုံတွေ့နိုင်ရနိုင်တဲ့ အခက်အခဲတွေကို စီမံခန့်ခွဲနိုင်စေရန်၊ ပရောဂျက်အရလိုချင်သောရည်ရွယ်ချက်ကို ရရှိစေဖို့အတွက်သိရှိရမည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေးအခေါ်များကို လေ့လာရမှာပါ။

ပရောဂျက်အတွက်တာဝန်ရှိသူ (သို့ ) Project Manager တစ်ယောက်အနေနဲ့ မိမိတာဝန်ယူထားသော ပရောဂျက်အောင်မြင်စွာပြီးဆုံးရန်အတွက် လိုအပ်သော အရည်အချင်း၊ အတွေးအခေါ်၊ သိထားသင့်သော အသိပညာစတာတွေကို လေ့လာမှတ်သားရမှာပါ။ မိမိပရောဂျက်ကို စီစဉ်ရာမှာ၊ အကောင်အထည်ဖော်ရာမှာ၊ စီမံခန့်ခွဲ ရာမှာ အသုံးဝင်တဲ့ အတွက်အချက်တွေ၊ အချိန်နဲ့ အခြားအရင်းအမြစ်တွေ ခွဲဝေရာ မှာ စဉ်းစားရမယ့် အချက်တွေကိုလည်း မှတ်သား သင်ယူရ မှာပါ။

တခြား ဘာသာ ရပ်တွေနဲ့မတူတာက Project Management မှာ အတွက်အချက်တွေကိုလည်း လေ့လာရမှာပါ။ အတွက်အချက်တွေဟာပရောဂျက်အကြမ်းရေးဆွဲခြင်း၊ ခန့်မှန်းခြေကုန်ကျစရိတ်တွက်ချက်ခြင်း၊ ပရောဂျက်ရဲ့ကြာချိန်ကိုခန့်မှန်းတွက်ချက်ခြင်း၊ အချိန်ကာလအလိုက် ပြီးဆုံးရမည့် အဆင့်များကို တွက်ချက်ခြင်း၊ နောက်ဆုံး အကောင်အထည်ဖော်ပြီး ပရောဂျက်အစီရင်ခံစာရေးခြင်းစတဲ့နေရာတွေမှာ အသုံးပြုလို့ရနိုင်မယ့် အထောက်အကူပြုလက်နက်များပဲ ဖြစ်ပါတယ်။




cifu&aumf

တချို့သောလုပ်ငန်းနယ်ပယ်များတွင် ခေတ်စားလာသော ဘာသာရပ်ဖြစ်သည့်အပြင် စိတ်ဝင်စားဖွယ်ကောင်းသော လက်တွေ့အသုံးကျသည့် ဘာသာရပ်လည်းဖြစ်တာကြောင့် Project Management ကိုဒီတစ်ပတ် Course Highlight ကဏ္ဍမှာမိတ်ဆက်ပေးလိုက်ခြင်းဖြစ်ပါတယ်။ ■

## အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် မပြုလုပ်ထားမှုတွေကို စစ်ဆေးမယ်



အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် မပြုလုပ်ထားမှုတွေကို လာမယ့်နှစ်ဆန်းပိုင်းမှာ စစ်ဆေးမှုတွေပြုလုပ်သွားမယ်လို့အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနက သိရပါတယ်။

အလုပ်ရှင်၊အလုပ်သမားအလုပ်ခန့်ထားရေးဆိုင်ရာသဘောတူစာချုပ်ကိုအောက်တိုဘာလနောက်ဆုံးထားပြုလုပ်ဖို့ ဝန်ကြီးဌာနအပိုင်းက တိုက်တွန်းထားသလို့ စာချုပ်မချုပ်ဆိုတဲ့လုပ်ငန်းတွေကို အရေးယူဖို့ပြောဆိုထားပေမယ့် ရွေးကောက်ပွဲကာဖြစ်နေတာကြောင့် အတင်းအကျပ် လုပ်ဆောင်တာမျိုးမရှိပါဘူးလို့ ဌာနတာဝန်ရှိသူက ပြောပါတယ်။

စစ်ဆေးမှုတွေဆောင်ရွက်ရမှာလည်းအရေးယူတာထက်တိုက်တွန်းတဲ့ပုံစံမျိုးနဲ့သာ ချဉ်းကပ်သွားမှာဖြစ်ပြီး အ လုပ်ရှင်တွေဘက်ကလည်း ဝန်ကြီးဌာနနဲ့ပူးပေါင်း ဆောင်ရွက်စေလိုတယ်လို့အလုပ်သမားဝန်ကြီးဌာနက ပြောပါတယ်။

**SFJ Team**

## ဒေါ်လာအဟောင်းတွေကို လက်ခံပေးဖို့ ဘဏ်တွေကိုညွှန်ကြားထား

ဒေါ်လာအဟောင်းအနွမ်းတွေနဲ့ ဘဏ်မှာ ငွေလဲပါက အခက်အခဲတွေဖြစ်ပေါ်နေတယ်လို့လုပ်ငန်းရှင်တွေက ဗဟိုဘဏ်၊တာဝန်ရှိသူတွေနဲ့တွေ့ဆုံမေးမြန်းခဲ့ရာမှာ ဒေါ်လာအဟောင်းအနွမ်းတွေကိုလက်ခံပေးဖို့ဘဏ်တွေကို ပြောထားပြီး ဖြစ်တယ်လို့ ဗဟိုဘဏ်ဘက်က ပြန်လည်ဖြေကြားခဲ့ပါတယ်။

ဗဟိုဘဏ်က နိုင်ငံခြားငွေလက်ခံကိုင်ဆောင်ခွင့်လိုင်စင်ရုပ်သိမ်းတာနဲ့ပက်သက်ပြီးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံဖြေရှင်းလျက်ရှိရာလုပ်ငန်းရှင်တွေဘက်က ဒေါ်လာအဟောင်းအနွမ်းတွေကို ဘဏ်သို့ သွင်းတဲ့အချိန်မှာ အခက်အခဲတွေ ဖြစ်ပေါ်နေတယ်လို့ ပြောဆိုခဲ့ကြပါတယ်။

"ဒါက ဘဏ်တစ်ခုစီနဲ့ ဆိုင်ပါတယ်။ဗဟိုဘဏ်ကလက်မခံခိုင်းတာမရှိပါဘူး။ ဘဏ်တွေကို လက်ခံပေးဖို့ကိုလည်း ဗဟိုဘဏ်က ပြောထားပြီးဖြစ်ပါတယ်" လို့ ဗဟိုဘဏ်တာဝန်ရှိသူတွေက ပြောကြားခဲ့ပါတယ်။

**SFJ Team**

## ကမ္ဘာ့စီးပွားရေးကျဆင်းနေမှု ကြောင့် စင်ကာပူက အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းတွေ လည်း အထိနာနိုင်



ကမ္ဘာ့စီးပွားရေးကျဆင်းနေမှုကြောင့် စင်ကာပူက အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေလည်း အထိနာနိုင်တယ်လို့ စထရိတ်တိုင်းမ်သတင်းမှာဖော်ပြထားပါတယ်။

ကမ္ဘာ့စီးပွားရေး တိုးတက်မှု နှေးကွေးနေလို့အသေးစားနဲ့အလတ်စားစီးပွားရေး လုပ်ငန်းတွေလည်း တိုးတက်မှုကျ ဆင်းနိုင်တယ်လို့ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလေ့လာမှုတစ်ခုက ဆိုပါတယ်။

ဒီနှစ်အတွင်း အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ တိုးတက်လမ်းမမြင်ဘူးလို့ ဖြေဆိုသူ ၄၇ ရာခိုင်နှုန်းက ဆိုပါတယ်။

(၆)ရာခိုင်နှုန်းကလည်း အရောင်းတွေကျဆင်းမယ်လို့ ဆိုပါတယ်။

**The Straits Times**

## ရေနံတင်ပို့မှုမှာ အီရတ်ကဆော်ဒီကို ကျော်တက်သွား

ဥရောပဈေးကွက်မှာ ရုရှားနဲ့ အိုပက်ရေနံထုတ်လုပ်သူတွေကြား ဈေးကွက်ပြိုင်ဆိုင်မှုတွေ ပိုပြင်းထန်လာနေပြီး၊ ဥရောပ ဈေးကွက်မှာ အီရတ်က ဆော်ဒီနိုင်ငံရဲ့ရေနံတင်ပို့မှုကိုကျော် တက်သွားတယ်လို့ ရိုက်တာသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

ဥရောပမှာ အီရတ်က ဆော်ဒီအာရေဗျကိုကျော်ပြီးကမ္ဘာ့အများဆုံးဈေးနှုန်းရောင်းချသူ ဖြစ်လာသလို၊ အီရန်နိုင်ငံကလည်း စီးပွားရေးပိတ်ဆို့မှုတွေ ပယ်ဖျက်ခံရပြီးနောက် ဥရောပမှာရေနံရောင်းချနိုင်ဖို့ ကြိုးစားနေပါတယ်။

ဥရောပနဲ့အာရှကဈေးကွက်တွေအတွက် အီရန်က တစ်နေ့ကို ရေနံစည်ပေါင်း လေးသိန်းကျော်ပိုရောင်းချနိုင်တယ်လို့ နိုင်ငံတကာစွမ်းအင်အေဂျင်စီကဆိုပါတယ်။အီတလီ၊ဂရိနဲ့စပိန်က ဝယ်သူတွေကလည်း အီရန်ရေနံတွေကို ပိုပြီးဝယ်ယူချင်နေပါတယ်။ဒါကြောင့်ထုတ်လုပ်သူတွေက ပိုပြီးယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ဈေးနှုန်းတွေဖြစ်ဖို့လိုအပ်လာနေပါပြီလို့နိုင်ငံတကာစွမ်းအင်အေဂျင်စီက ဆိုပါတယ်။

**reuters**

## နယ်စပ်ထိုင်းဆန်ပြန်ပြီး တင်သွင်းဖို့ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်ပယ်ချ

ဒေသတွင်းဆန်ဈေး ကြီးမြင့်မှုကြောင့် နယ်စပ်ထိုင်းဆန် ပြန်ပြီးတင်သွင်းဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့အကြံပြုချက်ကို မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ပယ်ချခဲ့တာဖြစ်ပါတယ်။

တနင်္သာရီတိုင်းအတွင်းဆန်ဈေးကြီးမြင့်မှုတွေဖြစ်ပေါ် နေပေမယ့် လက်ရှိအချိန်က ဆန်ထွက်ရာသီဖြစ်နေတဲ့အတွက် တောင်သူတွေနစ်နာနိုင်တာကြောင့် မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ဝန်ကြီးဌာနရဲ့အကြံပြုချက်ကို အကြောင်းမပြန်တာလို့ အသင်းချုပ်ဒု - ဥက္ကဋ္ဌဒေါက်တာ စိုးထွန်းကပြောဆိုတာပါ။

အရည်အသွေးနဲ့ဈေးနှုန်းအရ ထိုင်းဆန်ကပြည်တွင်းဆန်တွေထက် အနည်းငယ်သာနိုင်ပေမယ့်ရေရှည်မှာ မြန်မာတောင်သူတွေ နစ်နာနိုင်တယ်လို့ဆန်စပါးလုပ်ငန်းရှင်တွေကခန့်မှန်းပြောဆိုပါတယ်။

**SFJ Team**

## လျှပ်စစ်ရထားလက်မှတ်ခ ကျပ် ၁၀၀ သတ်မှတ်

ပထမဆုံးအထူး လျှပ်စစ်ရထားလက်မှတ်ခကို ကျပ် ၁၀၀ နှုန်းသတ်မှတ်ထားတယ်လို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားရုံးက သိရပါတယ်။

ရန်ကုန်ကမ်းနားလမ်းတစ်လျှောက်ပြေးဆွဲပေးမယ့်အထူးလျှပ်စစ်ရထားလက်မှတ်ခကို အနည်းဆုံးနှုန်းနဲ့ ပြေးဆွဲပေးတာဖြစ်တယ်လို့ မြန်မာ့မီးရထား၊ အောက်မြန်မာပြည်ရုံးက သိရပါတယ်။

ဝါးတန်းလမ်းကနေလင်းစဒေါင်းအထိပြေးဆွဲမယ့်လျှပ်စစ်ရထားလမ်းတွင် ဘူတာ (၅) ခုသာ ထားရှိမှာဖြစ်ပြီး ရထားတွဲ (၃) တွဲပါဝင်တဲ့ လျှပ်စစ်ရထား တွဲဆိုင်းတွေနဲ့ ပြေးဆွဲမှာ ဖြစ်ပါတယ်။ တွဲဆိုင်းတစ်ခုကို ခရီးသည် ၁၀၀ ဝန်းကျင်လိုက်ပါစီးနင်း နိုင်မှာဖြစ်ပါတယ်။

**SFJ Team**

## ဂျပန်နိုင်ငံ စီးပွားရေးပျက်ကပ် အန္တရာယ်ကျရောက်နိုင်ခြေနီးကပ်

ဂျပန်နိုင်ငံ GDP ဟာ တတိယလေး လပတ်မှာ ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်လို့ ဂျပန်နိုင်ငံဝန်ကြီးအဖွဲ့ရုံးကနိုဝင်ဘာ၁၆ရက်မှာသတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါ့အပြင် အရင်လေးလပတ်ကလည်း GDP ကျဆင်းခဲ့ပြီး ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးဖြစ်တဲ့ ဂျပန်နိုင်ငံရဲ့စီးပွားရေးက အခက်အခဲများစွာနဲ့ ရင်ဆိုင်နေခဲ့ရပါတယ်။

တိုကျိုစတော့တွေက နိုဝင်ဘာ ၁၆ရက်နံနက်ပိုင်းမှာ (၁) ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင်ညှံ့ဖျင်းတဲ့စီးပွားရေးတိုးတက်မှုက ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအပေါ်ဝေဖန်နေမှုတွေကိုအရှိန်တိုးမြင့်စေခဲ့ပါတယ်။

အစိုးရရဲ့စီးပွားရေးတိုးတက်ရေးလုပ်ဆောင်နေမှုတွေကိုအရှိန်တိုးမြှင့်လုပ်ဆောင်သင့်တယ် ကျွမ်းကျင်သူတွေကခန့်မှန်းထားပေမယ့်ဗဟိုဘဏ်အာဏာပိုင်တွေကလွန်ခဲ့တဲ့လတွေက ထူးထူးခြားခြား လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ပါဘူး။

"ရန်ပုံငွေတိုးမြှင့်ရေးတွေ လုပ်ဆောင်ဖို့ လိုအပ်နေသေးတယ်" လို့ Capital Economics ရဲ့ Marcel Thieliant က သူရဲ့ သုံးသပ်ချက်အတွင်း ရေးသားထားပါတယ်။

**CNN**

## ပြင်သစ်ဖြစ်ရပ်ကြောင့် ကမ္ဘာလုံးဆိုင်ရာ စတော့ဈေးကွက်တွေထိခိုက်နိုင်

ပြင်သစ်အကြမ်း ဖက်ခံရမှုကြောင့် ကမ္ဘာ့လုံးဆိုင်ရာ စတော့ဈေးကွက်တွေ ထိခိုက်နိုင် reuters အစ္စလာမ်မစ်စစ်သွေးတွေရဲ့ လက်ချက်ကြောင့်လူပေါင်းရာနှင့်ချီသေဆုံးခဲ့ရတဲ့ အကြမ်းဖက်တိုက်ခိုက်မှု ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ဖြစ်ပွားပြီးနောက် ကမ္ဘာလုံးဆိုင်ရာ စတော့တွေ ကာလတိုအားဖြင့်ထိခိုက်မှုတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ရိုက်တာ သတင်းမှာ ဖော်ပြထားပါတယ်။

ဒါပေမယ့် ကာလကြာရှည်စွာ ဈေးကွက်နဲ့ စီးပွားရေးအပေါ်သက်ရောက်မှုမရှိနိုင်ဘူးလို့ ဆန်းစစ်လေ့လာသူတွေက ပြောပါတယ်။ ပြင်သစ်သမ္မတဟော်လန်ဒီက တစ်နိုင်ငံလုံးအတိုင်းတာ အနေနဲ့ အရေးပေါ်အခြေအနေ ကြေညာထားပြီး၊ စစ်တပ်နဲ့ ရဲတွေကိုလည်း လမ်းတွေမှာ ဖြန့်ကျက်ချထားပါတယ်။

**reuters**

The STRATEGY FIRST Times

# 8 Secrets of Success

Strategy First Times ရဲ့ Ted Talk ကဏ္ဍမှာ Ted.com က ကမ္ဘာကျော်တွေနဲ့ interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။

ဖော်ပြထားတာက ဗီဒီယိုဖြစ်ပြီးတော့ ဗီဒီယိုဝင်ကြည့်ဖို့ မိုဘိုင်းဖုန်းနဲ့ ပေးထားတဲ့ QR Code ကို camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore ၊ App Store တို့ကနေ download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Richard St.John ရဲ့ 8 secrets of success ဆိုတဲ့ video တိုလေးကိုဖော်ပြမှာဖြစ်ပါတယ်။

လူတွေဘာဖြစ်လို့ အောင်မြင်ကျော်ကြားကြတာလဲ။ သူတို့တွေ အရမ်းထူးချွန်ထက်မြက်နေလို့လား၊ ဒါမှမဟုတ် ကံပဲကောင်းနေလို့လား။ နှစ်ခုလုံးမဟုတ်ပါဘူးလို့ နှစ်ပေါင်းများစွာအောင်မြင်ခြင်းနဲ့ပတ်သက်တဲ့ လေ့လာမှုတွေကို ပြုလုပ်ခဲ့တဲ့




Richard St.John ဆိုတဲ့လူကဒီ (၃) မိနစ်စာ interview တစ်ခုမှာပြောခဲ့ပါတယ်။

Richard St.John ကို ၂၀၀၀ ခုနှစ်ဝန်းကျင်လောက်က လေယာဉ်ပေါ်မှာကလေးတစ်ယောက်က အောင်မြင်ခြင်းရဖို့ဘာလုပ်ရမလဲ လို့မေးခဲ့ပါတယ်။ အဲဒီအချိန်မှာ Richard ကိုယ်တိုင်က အောင်မြင်နေပြီဆိုပေမယ့် ကလေးမေးတဲ့မေးခွန်းကို မဖြေနိုင်ခဲ့ပါဘူး။

ဒါနဲ့ သူဟာ နောက် ၁၀ အထိ အောင်မြင်ကျော်ကြားတဲ့ လူ ပေါင်း ၅၀၀ ကို အင်တာဗျူးလုပ်ခဲ့ပြီး တော့ သူတို့တွေရဲ့အောင်မြင်မှုကို ဘယ်လိုရအောင် လုပ်ရမလဲဆိုတဲ့ အဖြေတွေကိုလေ့လာခဲ့ပါတယ်။

နယ်ပယ်အသီးသီးမှာအောင်မြင်နေတဲ့ လူတွေရဲ့ပြောစကားတွေကို ဆန်းစစ်ပြီးတဲ့နောက်မှာ Richard St. Johnဟာ The 8 Traits Successful People Have in Common" ဆိုတဲ့ စာအုပ်ကိုရေးသားခဲ့ပါတယ်။ စာအုပ်ထဲမှာ ကမ္ဘာ့အချမ်းသာဆုံး အအောင်မြင်ဆုံးလူတွေရဲ့တူညီတဲ့အချက်တွေနဲ့ သူတို့အောင်မြင်မှု အကြောင်းတွေပါပြီးတော့၊ ဒီ (၃) မိနစ်စာ video မှာတော့ သူ့စာအုပ်ထဲက သင်ခန်းစာကောင်းတွေရစေမယ့် Bill Gates နဲ့ တခြားလူတွေရဲ့ပြောစကားတွေကို ပြောပြထားပါတယ်။

## သီဟ

Video ကြည့်ရန် QR Code ကို Scan ဖတ်ပါ။

## မင်္ဂလာဆုမွန်ကောင်း

Strategy First ကျောင်းသား/သူများဖြစ်တဲ့ ကိုအောင်ပြည့်စိုး GM - Media Kabar (Forever Group Co.,Ltd) နဲ့ မမေသူဇေ MD - Media Kabar (Forever Group Co.,Ltd) တို့ရဲ့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့ လက်ထပ်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် လက်တွဲဖြတ်သန်းနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။





## Strategy First Times Crosswords

### Office




**Across**

1. Systems for sending documents using telephone lines
3. Portabel computer
5. For drawing or writing
7. writing materials
9. removes pencil mark
11. machine for analyzing and storing information
12. sort of table in an office

**Down**

1. where documents or papers are kept
2. instrument for attaching papers
4. notebook for appointments
8. used to speak to people
10. you use it to write in ink

## t&ift ywf Crosswords t ajzrsm;

### Entertainment

**Across**

1. ACROBAT
3. CLOWN
4. COMEDY
8. ORCHESTRA
9. CIRUS
11. STAGE
12. PLAY

**Down**

2. CONCERT
5. DISCO
6. COMEDIAN
7. THEATRE
10. CINEMA






# စံ - ဇာဂဏီဘို ဟောစာတမ်း

၂၀၁၅ နိုဝင်ဘာ (၂၃) ရက်နေ့မှ ၂၀၁၆ ဒီဇင်ဘာ (၆) ရက်နေ့အထိ




### မိဿရာသီ - Aries ( မတ် ၂၁ မှ ဧပြီ ၂၀ ကြား )

စီးပွားရေးမှာ ပြဿနာများနှင့် ထိပ်တိုက်တွေ့မယ်။ အထင်အမြင်လွဲမှားမှုများ ဖြေရှင်းရမည်။ လူယုံဒုက္ခပေးမည်။ အနှောင့်အယှက် အတိုက်အခံများနှင့်ထိပ်တိုက်တွေ့မည်။ ရောင်းမှားဝယ်မှားဖြစ်မည်။ စေတနာဝေဒနာဖြစ်မည်။ ငွေကြေးအပေးအယူကိစ္စတွင် အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့စကားများရန်ဖြစ်ရမည်။ ဆောင်ရွက်သမျှသတိရှိပါ။ တွက်ဆမှုများမှားယွင်း၍ ဆုံးရှုံးခြင်းပေါ်ပေါက်မည်။ ပေါ့ပေါ့တန်တန် သဘောထား၍ ဆောင်ရွက်သောကိစ္စမှ ပြဿနာများ ကြုံတွေ့ရတက်သည်။

ယတြာ - အနောက်တောင်အရပ်အမြင့်တစ်နေရာတွင် သိမ်းစွန်ငှက်ပုံပါသည့်စာအုပ်တစ်အုပ်ထားရှိပါ။

### ပြဿရာသီ - Taurus ( ဧပြီ ၂၁ မှ မေ ၂၁ ကြား )




စီးပွားရေးတွင်ဆောင်ရွက်သမျှအောင်မြင်မည်။ ဘဝတိုးတက်မည်။ အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်။ အရပ်ဝေးနှင့် ဆက်စပ်လုပ်သောလုပ်ငန်းများမှ အောင်မြင်မှုရမည်။ နာမည်အောင်မြင်ခြင်း၊ အလုပ်စီးပွားတိုးတက်ခြင်းများ ကြုံမည်။ အတတ်ပညာကိုအခြေတည်၍ ဆောင်ရွက်သောကိစ္စများတွင် ထူးခြားသော အောင်မြင်မှုများ ရရှိမည်။ လုပ်ငန်းသစ်ချဲ့ထွင်ခြင်း၊ စီးပွားရေးရာကိစ္စများ ဆောင်ရွက်ရန်သင့်သည်။ အလို ဆန္ဒမှန်သမျှ ရှေ့တိုးလုပ်၍ အဆင်ပြေမည်။

ယတြာ - အနောက်တောင်အရပ်တွင် ကြေးထည်၊ မြေထည်နှင့်ပတ်သက်သော အရုပ်တစ်ခုထားရှိခြင်း ပြုပါ။




### မေထုန်ရာသီ - Gemini ( မေ ၂၂ မှ ဇွန် ၂၁ ကြား )

စီးပွားရေးတွင် အကြံသစ်ရည်ရွယ်ချက်သစ်များ လုပ်ကိုင်အောင်မြင်မည်။ အတိုက်အခံ အားလုံးကို ကျော်လွှား၍ အဆင့်မြင့်တက်လမ်းများ ရရှိမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများတွင် မည်မျှအခက်အခဲရှိစေ၊ အားလုံးကိုကျော်လွှား၍ အောင်မြင်မည်။ သူတစ်ပါးကြောင့်ဖြစ်သော ပြဿနာများ ကျော်လွှားနိုင်မည်။ ဦးတည်ချက်ပြောင်း၍ လည်းကောင်း၊ နေရာပြောင်း၍လည်းကောင်းဆောင်ရွက်ရာမှထင်ရှားသောတက်လမ်းများဖြစ်ထွန်းမည်။ သို့ရာတွင် လူယုံထား၍မရ၊ စိတ်ပင်ပန်းရမည်။

ယတြာ - အရှေ့နေထွက်ရာ အရပ်တွင် နဂါးရုပ်ပုံထားရှိခြင်း ပြုပါ။ ထူးခြားမည်။

### ကရကဋ်ရာသီ - Cancer ( ဇွန်လ ၂၂ မှ ဇူလိုင်လ ၂၂ ကြား )




လူမျိုးကွဲ အကျိုးပေးမည်။ အပြောင်းအလဲကို အခြေခံ၍ ဆောင်ရွက်သောကိစ္စမှ အဆင့်မြင့် အောင်မြင်မှုရမည်။ ငွေကြေးကိစ္စနှင့်ပတ်သက်သော ပြဿနာများ ပြောဆိုဖြေရှင်းနိုင်မည်။ အရပ်တစ်ပါးမှ နိုင်ငံခြားသားနှင့် ပတ်သက်သောလုပ်ငန်းများ ဆောင်ရွက်အဆင်ပြေမည်။ အိမ်၊ ခြံ၊ မြေ ကိစ္စ စကားပြောဆိုရန် ဆောင်ရွက်အဆင်ပြေမည်။ အနီးကပ် လူယုံဒုက္ခပေး၍ အလုပ်အကြံအစည်များ နှောင့်နှေးမည်။ စိတ်အနှောင့်အယှက် ကြုံတတ်သည်။

ယတြာ - ခေါင်းလောင်း (၃) လုံးကို ဖဲကြိုးအနီနှင့် ချည်နှောင်၍ အလုပ်ခန်း၊ ဆိုင်ခန်း အဝင်တံခါးမကြီး အတွင်းဘက်တွင် ချည်နှောင်ထားပါ။




### သိဟ်ရာသီ - Leo ( ဇူလိုင်လ ၂၃ မှ ဩဂုတ် ၂၃ ကြား )

စီးပွားရေးတွင် စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ တာဝန်ယူဆောင်ရွက်ခြင်း အကျိုးရှိမည်။ ရန်အတိုက်အခံများကိုဖြေရှင်းနိုင်မည်။ ငွေကြေးကိစ္စအတွက် ပြောဆိုမှုများအောင်မြင်မည်။ မိတ်ကောင်းဆွေကောင်းများထံမှ အထောက်အကူရမည်။ ရည်ရွယ်ချက် အောင်မြင်မည်။ အားနာလွယ်ယုံလွယ်၍ အနှောင့်အယှက်များ ထိပ်တိုက်တွေ့မည်။ ပြဿနာများဖြစ်က မပေါ့ရ၊ ချက်ချင်းဖြေရှင်းပါ။ လူယုံဒုက္ခပေးမည်။

ယတြာ - ကောင်းကျိုး ချမ်းသာကိုပေးရန် အရှေ့အရပ်တွင် အစိမ်းရောင်ပစ္စည်းများထားပါ။

### ကန်ရာသီ - Virgo - ( ဩဂုတ် ၂၄ မှ စက်တင်ဘာ ၂၂ ကြား )




စီးပွားရေးတွင်အကြံအစည် ရည်မှန်းချက်မြင့်မြင့်မားမားထားရမည်။ ဆောင်ရွက်သမျှတိုးတက်မည်။ အခက်အခဲအားလုံးကိုကျော်လွှားနိုင်မည်။ ဦးတည်ချက်သစ်နှင့် ဆောင်ရွက်ခြင်းမှ တိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်မည်။ အကူအညီပေးသောသူများနှင့်တွေ့မည်။ အပြိုင်အဆိုင် အားလုံးကို ကျော်လွှားနိုင်မည်။ သူတစ်ပါးတို့ ဆောင်ရွက်ရန် ခက်ခဲသောကိစ္စများ ဆောင်ရွက်နိုင်မည်။ စတင်ဆောင်ရွက်သော ကိစ္စမှန်သမျှ အဆင့်မြင့်မားသော အောင်မြင်မှုရမည်။

ယတြာ - တောင်အရပ်တွင် ပိရမစ်ပုံ (သို့) ကြိုးပုံတစ်ခု အားထားရှိပါက စီးပွားတက်မည်။




### တူရာသီ - Libra ( စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၃ ကြား )

ရပ်တန့်ထားသောလုပ်ငန်းများပြန်လည်ဆောင်ရွက်နိုင်မည်။ အခက်အခဲများကိုကျော်လွှား၍ အဆင့်မြင့်တိုးတက်မှုများရရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် တိုက်ရိုက်ဆက်စပ်၍ဆောင်ရွက်သော လုပ်ငန်းများမှ ထင်ရှားသောအကျိုးဆက်များဖြစ်ပေါ်မည်။ ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။ အပြိုင်အဆိုင်ကြားမှတိုးတက်ခြင်းရှိမည်။ အခက်အခဲများ၊ အနှောင့်အယှက်များ ပြေလည်အောင် ဖြေရှင်းနိုင်သောကာလဖြစ်သည်။

ယတြာ - အလုပ်လုပ်သောအခါ ထိုင်ခုံနေရာတွင်လိပ်ရုပ်ပုံကပ်ထားပါ။

### ဗြိစ္ဆာရာသီ - Scorpio ( အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂ ကြား )




လုပ်သမျှအောင်မြင်မည်။ ဦးတည်ချက်ပြောင်း၍ လုပ်ဆောင်သော ကိစ္စများမှထူးခြားသော တိုးတက်မှုများရရှိမည်။ ငွေကြေးကိစ္စအတွက် စကားပြောဆိုခြင်းများအောင်မြင်မည်။ ပိုင်ဆိုင်သော ပစ္စည်းများအတွက် အငြင်းပွားခြင်းများအဆင်ပြေမည်။ ငွေကြေးအပေးအယူကိစ္စ၊ ပဋိပက္ခများ ဖြေရှင်းနိုင်မည်။ စီးပွားရေးအတွက် ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စတို့ကို အောင်မြင်အောင် ဆောင် ရွက်နိုင်မည်။ မြုပ်နေသောငွေများပြန်ပေါ်မည်။

ယတြာ - စိမ်းပြာရောင် ပန်းအိုးအတွင်း အဝါရောင်ပန်း (၈) ပွင့်ထိုး၍အမြင့်မှာထားရှိပါ။




### ဓနုရာသီ - Sagittarius ( နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၁ ကြား )

စီးပွားရေးရာအတွက် စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အဖွဲ့အစည်းကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ သူတစ်ပါးနှင့်ယှဉ်ပြိုင်လုပ်သောကိစ္စများတွင် အသာစီးမှုရရှိမည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှ ထူးခြားသော အကူအညီရရှိမည်။ မိသားစုနှင့်ပတ်သက်သော အလုပ်ကိစ္စများအောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ စတင်လိုက်သောစီးပွားရေးရာကိစ္စမှန်သမျှ ထွန်းပေါက်အဆင်ပြေမည်။ ပြန့်ကျဲနေသော ငွေများ ပြန်လည်စုစည်းနိုင်မည်။

ယတြာ - ဓား၊ ကတ်ကြေး အစရှိသည့် အသွားထက်သည့်ပစ္စည်းများကိုလုံခြုံအောင်သိမ်းပါ။

### မကာရရာသီ - Capricom ( ဒီဇင်ဘာ ၁၁ မှ ဇန်နဝါရီ ၂၀ ကြား )




လူမျိုးကွဲ ၊ လူမျိုးခြားအကျိုးပေးမည်။ ပြည်ပတိုင်းတစ်ပါးနှင့် ဆက်စပ်၍လုပ်သောကိစ္စများထူးခြားသောအောင်မြင်မှုရမည်။ မြှုပ်နှံထားသော ငွေများပြန်လည်ဖော်ထုတ်နိုင်မည်။ ပေါ်ပေါက်လာသောအခြေအနေအခွင့်အရေးတို့ကိုအသုံးချ၍ အလိုဆန္ဒ၊ ရည်ရွယ်ချက်တို့ကို ဆောင်ရွက်နိုင်မည်။ လမ်းကြောင်းသစ်နှင့်ငွေဝင်မည်။ အခက်အခဲအားလုံးကျော်လွှား၍ မြင့်မားသောဝင်ငွေ ရရှိမည်။ ငွေချေးငှားပါက ပြန်လည်တောင်းခံရန်ခက်ခဲမည်။

ယတြာ - ကြေးပန်းအိုးတစ်ခုအတွင်း ပန်းအဖြူ (၆) ပွင့်ထိုး၍ အမြင့်တစ်နေရာတွင်တင်ပါ။




### ကုမ်ရာသီ - Aquarius ( ဇန်နဝါရီ ၂၁ မှ ဖေဖော်ဝါရီ ၁၈ ကြား )

စီးပွားရေးရာတို့တွင် ပေါ်ပေါက်လာသော အကြံအစည်သစ်တို့ကို လက်တွေ့အသုံးချ၍ အဆင့်မြင့်အောင်မြင်ခြင်းကိုရရှိမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အလိုဆန္ဒပြည့်စုံမည်။ ဦးတည်ချက်သစ်နှင့်လုပ်ကိုင်ခြင်းမှအောင်မြင်ခြင်းကြုံမည်။ လုပ်ငန်းနေရာ၊ ဆက်ဆံရသော ဝန်းကျင်အပြောင်းအလဲများရှိမည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ပါ။ စွန့်စားလုပ်ကိုင်ရန် ဝန်မလေးသင့်ပါ။ သို့ရာတွင် အရာရာသတိနှင့် ယှဉ်၍လုပ်ကိုင်ပါ။

ယတြာ - နေအိမ်၏အရှေ့တောင်အရပ်တွင်ရှိသော သတ္တုပစ္စည်းများကိုဖယ်ရှားပါ။

### မိန်ရာသီ - Pisces ( ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြား )




တစ်ခုထက်မကသော စီးပွားရေးကိစ္စများဆောင်ရွက်ရမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ငွေကြေးကိစ္စစကားပြောဆိုမှုများအောင်မြင်မည်။ စီးပွားရေးဆိုင်ရာ အတတ်ပညာကိုအသုံးချ၍ အဆင့်မြင့်တက်လမ်းများ ရရှိမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှားနိုင်မည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်တိုးတက်မှုများရရှိမည်။ အများကိစ္စအဖွဲ့အစည်းကိစ္စများဦးဆောင်ရမည်။ ပေါ်ပေါက်လာသောအခြေအနေကို အသုံးချ၍အောင်မြင်မှုများရရှိမည်။

ယတြာ - ကြွေပန်းကန်ပြားတစ်ချပ်တွင် ဖယောင်းတိုင်နီ (၉) တိုင်ထည့်ထားပါ။

# September 2015 ICM Exam Results

# Congratulations!

**A** နဲ့ အောင်မြင်ထားသော ကျောင်းသား/သူများကို ကျောင်းတွင် နှစ်သက်ရာဘာသာရပ်တစ်ခု တက်ရောက်ခွင့် ချီးမြှင့်မည်ဖြစ်ပါသည်။ **B** နဲ့ အောင်သော ကျောင်းသား/သူများလည်း ကျောင်းမှ အတန်းသစ်များ ထပ်မံတက်ရောက်ပါက သင်တန်းကြေး (၁) သိန်း ကင်းလွတ်ခွင့် ချီးမြှင့်ပါမည်။ **Grade C** နဲ့ အောင်မြင်သော ကျောင်းသား/ကျောင်းသူများကို (50000) ကျပ် | **D** နဲ့ အောင်သော ကျောင်းသား/သူများကို (30000) ကျပ် Discount ခံစားခွင့် ချီးမြှင့်မည်ဖြစ်ပါသည်။ စာမေးပွဲအောင်မြင်ပြီးထားသော ကျောင်းသားဟောင်းများလည်း ထိုနှုန်းများအတိုင်း ခံစားခွင့်ချီးမြှင့်ပါမည်။

## Distinction (A) ဖြင့်ထူးချွန်စွာအောင်မြင်ကြသူများ

| | |
|---|---|
| Yin Yin Htwe | Financial Management |
| Si Thu Nay Win | Financial Management |
| Pyae Win Zun | Financial Management |
| Ohn Mar Swe | Financial Management |
| Myat Myat Thin | Financial Management |
| Min Min Thit | Financial Management |
| Hnin Ei Phyu | Financial Management |
| Naw Victory Gabriel | Marketing Management |
| Khine Aye Htet | Project Management |
| Thant Su Htet | Project Management |
| The Aye Chan Myae Nandar | Quantitative Methods for Managers |
| Yee Mon Aung | Quantitative Methods for Managers |
| Nway Nway | Quantitative Methods for Managers |
| Aye Aye Myat | Quantitative Methods for Managers |

## Credit (B) ဖြင့်ထူးချွန်စွာအောင်မြင်ကြသူများ

| | |
|---|---|
| Hay Thar Linn Lett | Business Management & Administration |
| Thinn Thiri Khine | Business Management & Administration |
| Yu Nandar Tun | Business Management & Administration |
| Thiri Zaw | Business Management & Administration |
| Htain Lin Kyaw | Business Management & Administration |
| Aye Myat Htoo | Business Management & Administration |
| Aye Chan Myat Phyo | Financial Management |
| Than Yu | Financial Management |
| Nang Hmwe Linn | Financial Management |
| Chaw Su Zin | Financial Management |
| Yoon Hmone Hmone | Human Resources Management |
| Yadana Myint Oo | Human Resources Management |
| Thazin Oo | Human Resources Management |
| Min Thu Ya | Human Resources Management |

## Credit (B) ဖြင့်ထူးချွန်စွာအောင်မြင်ကြသူများ

| | |
|---|---|
| Aung Phyo Thu | International Business Communications |
| Sandar Myint | Management Theory & Practice |
| Vanlal Rengpui Thanga | Marketing Management |
| Su Naing Htay | Marketing Management |
| Nay Linn | Marketing Management |
| Htet Htet Shwe Yi Aung | Marketing Management |
| Chaw Su Thein | Marketing Management |
| Aye Aye Myat | Marketing Management |
| Winnie Kyaw | Marketing Research |
| Si Si Moe | Project Management |
| Lei Thandar Thway | Project Management |
| Winnie Kyaw | Quantitative Methods for Managers |
| Thin Nwe Soe | Quantitative Methods for Managers |
| Nyo Min Tun | Quantitative Methods for Managers |
| Khaing Lynn Soe | Sales & Sales Management |
| Kai Thandar Aye | Sales & Sales Management |
| Su Thet Han | Strategic Management |
| Ye Zaw Htoo | Strategic Management |

## ICM စာမေးပွဲ အောင်မြင်ကြသူများ (C နှင့် D Grade များ)

| | |
|---|---|
| Mi Thin Hsu Moe | Marketing Management |
| Zaw Win Maung | Marketing Management |
| Yoon Yati Naing | Marketing Management |
| Soe Myat Myet Thwe | Marketing Management |
| Shun Le Mon | Marketing Management |
| Sandi Pyae Oo | Marketing Management |
| Poe Nandar Aye | Marketing Management |
| Nway Oo Shwe | Marketing Management |
| Nan Thiri Hlaing | Marketing Management |

→ pmrsuES-6oY


